ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်၊ သောကြာနေ့၊ (20-10-2006) (၅၁၁၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြန်လည်ပြုပြင်ဆည်းရနိုင်သည့် လောင်စာများကို အစားထိုးသုံးစွဲနိုင်ရေး နိုင်ငံအလိုက် ကြိုးစားကြဆနေ အထူးသဖြင့် လယ်ယာသီးနှံများကို အခြေခံသည့် ဇီဝလောင်စာဆီကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုးသုံးစွဲလျက်ရှိ ပိမိတို့နိုင်ငံ၏အခြေအနေအရ စိုက်ပျိုးဖြစ်ထွန်းလွယ်သော ကြစည်းရိုးကြက်ဆူကို လုထုလှုပ်ရှားမှုဖြင့် စိုက်ပျိုး၍ ဇီဝဒီဇယ်ဆီကို ထုတ်လုပ်အသုံးပြုရန် အင်တိုက်အားတိုက် စီမံလျက်ရှိ

နေပြည်တော်　　　အောက်တိုဘာ　　　၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ အောက်တိုဘာ ၁၆ရက် ညနေပိုင်းတွင် မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ကျောင်းအုပ် ဒေါက်တာနှင်းမင်းဦးက မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ်မှ သင်ကြားပေးသော ဘာသာရပ်များ၊ ပေးအပ်မည့် ဘွဲ့များ၊ ဆရာ၊ ဆရာမ အင်အားနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့က ကွန်ပျူတာကောလိပ်နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၏ အင်တာနက်အသုံးပြုမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဝန်းသိုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီလဝံသနှင့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရှင်ဗွေယန်မြို့မှ နာဂတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး တနံတလျားရှိ ဒေသအသီးသီး မျှတစွာ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးစည်ပင် တိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ၊

ဆက်သွယ်ရေးလမ်းကြောင်း ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဤဒေသများသည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၀-၁၀-၂၀၀၆
(သောကြာနေ့)

လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး လက်တွဲညီညီ ကြိုးပမ်း

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းတွင်တည်ရှိပြီး ရေမြေသဘာဝ သယံဇာတကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ယခင်ကာလက နယ်မြေဒေသ အေးချမ်းသာယာမှုမရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသော်လည်း ယနေ့ကာလတွင် ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြင့် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးတွင် မြစ်ကြီးနားမှ ပူတာအိုသို့ လေယာဉ်လမ်းကြောင်းတစ်ခုတည်းကိုသာ အားကိုးသွားလာခဲ့ ကြရာမှ ယခုအခါ မော်တော်ယာဉ်များဖြင့် ကုန်စည်များတင်ပို့ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ ထို့အပြင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ နမ့်မြစ်ခ၊ မလိယန်၊ နန်ဆန်ယန်၊ မိုးလဲ၊ တာပိန်၊ တဘတ်ချောင်းနှင့် နမ္မတီး တံတားတို့ကို တည်ဆောက်ပေးထားရာ ကူးသန်းဆက်သွယ်သွားလာရေး လျင်မြန်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနေပြီဖြစ်သည်။

နိုင်ငံတော်က ပြည်သူများ အသက်ရှည်ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ကချင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ ဆေးရုံ၊ ဆေးပေးခန်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ဖွင့်လှစ်ခြင်းစသည်ဖြင့် ရောဂါကြိုတင်ကာကွယ်ကုသမှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။

ပူတာအိုပြည်သူ့ဆေးရုံကို ၁၉၈၁ ခုနှစ်တွင် (၂၅)ခုတင်အဆင့်မှ ခုတင်(၅၀)ဆံ့ဆေးရုံ၊ ၁၉၉၈ ခုနှစ်၌ ခရိုင်အဆင့် ခုတင်(၁၀၀)ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်တည်ဆောက် ဖြည့်ဆည်းပေးထားသည့်အပြင် လူနာဆောင်သစ် အဆောက်အအုံတစ်ခုကိုလည်း အောက်တိုဘာလ ၁၆ ရက်နေ့က ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြန်သည်။

ပူတာအိုခရိုင် ပြည်သူ့ဆေးရုံ၊ မူလာရှီးဒီ တိုက်နယ်ဆေးရုံ၊ မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံ၊ ဆွမ်ပရာဘွမ် မြို့နယ် ပြည်သူ့ဆေးရုံ၊ နောင်မွန်မြို့နယ် ပြည်သူ့ဆေးရုံ၊ ခေါင်လန်ဖူး မြို့နယ် ပြည်သူ့ဆေးရုံ၊ ပန်နန်းဒင်မြို့ ပြည်သူ့ဆေးရုံ၊ မချမ်းဘောမြို့နယ် ထရန်ဒမ်းတိုက်နယ်ဆေးရုံတို့အတွက် နိုင်ငံတော်က ဆေးပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းခဲ့သဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပိုမိုအထောက်အကူပြုမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် လူမှုစီးပွားရေးဘဝ တစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်ချက်များကို အဘက်ဘက်က ဖြည့်ဆည်းအားပေးလျက်ရှိရာ ပြည်သူအားလုံးက နိုင်ငံတော်နှင့်အတူ တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲညီညီ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပေသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများအားရည်စူး၍ ရန်ကုန်မြို့ ဆ/မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းနေ ဦးအိကြူ–ဒေါ်အီလန်း (သိန်းကမ္ဘာအမှုန့်ကြိတ်စက်)မိသားစုက အလှူတော်ငွေကျပ်ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)တို့ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် အမှတ်(၁) သံနှင့်သံမဏိစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ညွှန်ကြားရေးမှူး ဦးထွန်းထွန်းလိုက်ပါလျက် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် သာစည်မြို့နယ်ရှိ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဘရိုက်တီး ကျောက်အမှုန့်ကြိတ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံဝင်းအတွင်း ဟဲဟိုးဘရိုက်တီးကျောက်မိုင်းမှ ပေးပို့ရောက်ရှိလာသော သတ္တုရိုင်းများ စနစ်တကျ စုပုံထားရှိမှု၊ ကြိတ်ခွဲသန့်စင်ပြီး အမှုန့်ကြိတ်စက်ရုံသို့ပို့၍ ကြိတ်ခွဲအိတ်သွတ်နေမှု၊ အမှတ်(၁)သံမဏိစက်ရုံမှ တီထွင်ဆောင်ရွက်ပေးသော WHIZZLE BLADEများ ပုံမှန်လည်ပတ်မောင်းနှင်နိုင်ရန် ဗို့အားမြှင့်စက်တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ရေနံတူးဖော်ရာတွင် အသုံးပြုသော အမှုန့်ဖြစ်၍ အရည်အသွေးပြည့်မီရေး၊ အချိန်မီ ထုတ်ပေးနိုင်ရေး၊ အလေအလွင့်နည်းပါးရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကျားတွင်းရေ သံရိုင်းသတ္တုတွင်းသို့ ညနေပိုင်းတွင်ရောက်ရှိပြီး သံသတ္တုရိုင်းများတူးဖော်၍ သန့်စင်ပြီး သယ်ယူစုပုံမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိုင်းမန်နေဂျာ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် အမှတ်(၁) သံနှင့်သံမဏိစက်ရုံအတွင်း သတ္တုရိုင်းများ စုပုံထားမှု၊ ထင်းအစားထိုး လောင်စာတောင့်ပြုလုပ်နေမှု၊ သံရည်ကျိုခြင်း၊ သံမဏိတုံးများပြုလုပ်နေမှု၊ သံမဏိဘောများထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ အောက်ဆီဂျင်ပလန့်တည်ဆောက်နေမှုနှင့် သံရည်ကျိုပုံသွန်းလောင်းဌာနသို့ ရောက်ရှိစစ်ဆေး၍ ဝန်ကြီးက အစိုးရလုပ်ငန်းဌာနများမှလိုအပ်သော သွန်းလောင်းထည်များကို အဆင့်မီစွာ ထုတ်လုပ်ရေး၊ နိုင်ငံခြားငွေ သက်သာအောင် ဆောင်ရွက်ရေး၊ တီထွင်ကြံဆပြီး အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ အဆင့်မီအရည်အသွေးကောင်းသော ပစ္စည်းများ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်သွားရန် ဆွေးနွေးမှာကြားသည်။

ရောက်ရှိ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ ထုံးကျောက်သတ္တုတွင်းသို့ ရောက်ရှိပြီး ကြေးနီစက်ရုံနှင့် သံမဏိစက်ရုံအတွက် အဆင့်မီသော ထုံးကျောက်များ အချိန်မီ ထုတ်လုပ်ပေးပို့ရေး၊ ခြိုးခြံချွေတာပြီး အလေအလွင့် နည်းပါးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ၏ ငါးမွေးကန်နှင့် နှစ်ရှည်သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဖယောင်းတောင် ရွှေစက်ရုံသို့ ညနေပိုင်းတွင်ရောက်ရှိပြီး ရှင်းလင်းဆောင်၌ လုပ်ငန်းရှင် ဦးမောင်ကို၏ တင်ပြချက်များအပေါ် ဝန်ကြီးက ရည်မှန်းချက် ပြည့်မီအောင် ထုတ်လုပ်၍ နိုင်ငံတော်သို့ ပေးသွင်းရမည့် အချိုးကျရွှေကို မှန်မှန်ပေးသွင်းရေး၊ ထုတ်လုပ်မှုတိုးတက်ရေး မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်းကွန်းတောရ မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အင်းယားမြိုင်လမ်း မင်းကွန်းတောရကျောင်းတိုက် ကမ္ဘဋ္ဌာန်းကျောင်းတိုက်ကြီးတွင် ပဓာနနာယက သက်တော်ရှည် ဆရာတော်ကြီး ဦးပဏ္ဍိတအား အမှူးထား၍ မဟာဘုံကထိန်ကျင်းပမည်ဖြစ်ရာ ပင့်သံဃာ ၈၂ ပါးတို့အား နေ့ဆွမ်းနှင့် သင်္ကန်း၊ ထီး၊ ဖိနပ်များကို မင်းကွန်းပဋိပတ္တိ သာသနာနုဂ္ဂဟအသင်းကြီးနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က အောက်တိုဘာ ၂၉ရက် (တနင်္ဂနွေ)နေ့တွင် လှူဒါန်းပြီး ကထိန်အနုမောဒနာ တရားဟောကြားရေစက်ချ အမျှပေးမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

တာမွေမြို့နယ်၊ အင်းဝလမ်း၊ ကျောက်မြောင်းနေ ပါမောက္ခ ဒေါက်တာ ဦးတင်ဟိန်း၊ ဇနီး ဒေါ်တင်တင်သန်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး တိုးချဲ့ဆေးရုံအဆောက်အအုံအတွက် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။ (က–ပ)

ရွှေနံ့သာမြို့သစ် ဘုရားကြီးကျောင်းတိုက် ဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာရွာမမြို့သစ် ဘုရားကြီးကျောင်းတိုက် (မြသိန်းတန်ပရိယတ္တိစာသင်တိုက်ခွဲ)၌ ဝါဆိုဝါကပ်တော်မူသော ဘဒ္ဒန္တ ဣန္ဒ (ဓမ္မာစရိယ၊ ပါဠိပါရဂူ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ဝါဆိုသံဃာတော် ၅၅ ပါးနှင့် ပင့်သံဃာတော် ၂၅ ပါးတို့အား ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ၊ (၁၀)ကြိမ်မြောက် မဟာဘုံကထိန်ကို အောက်တိုဘာ ၂၉ ရက်၌ ကျင်းပမည် ဖြစ်ကြောင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း စေတနာအလျောက် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(က–ပ)**

ရှောင်လေဝေးဝေး မူးယစ်ဆေး

ဒါနပါရမီကို ဖော်ညွှန်းသည့် ဝေဿန္တရာဇာတ်တော်ကြီး

စန်းနီလာဝင်း

ယခု (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် ယှဉ်ပြိုင် တင်ဆက်ကြသည်။ ဒါနပါရမီ ဖြည့်ဆည်းသည့်နေရာတွင် ပုထုဇဉ်မှန်သမျှ စိတ်ပင်မကူးရဲသည့် အလှူဒါနပါရမီရှင် ဗုဒ္ဓလောင်းလျာ ဝေဿန္တရာမင်းကြီး၏ ဇာတ်တော်ကို ဖတ်ရှုရမှ အသေးစိတ်သိနိုင်မည်။

မှတ်မိသေးသည်။ ဝေဿန္တရာဇာတ်တော်ကြီးကို စာရေးသူတို့ ငယ်စဉ်က အလယ်တန်းကျောင်းသုံး မြန်မာစာအုပ်အဖြစ် ပြဋ္ဌာန်း၍ သင်ကြားခဲ့ရသည်။ စာရေးသူ စစ်ကွင်းမြို့ အထက်တန်းကျောင်းမှာ နေခဲ့စဉ်က ဖြစ်သည်။ ထိုစဉ်က ဆရာဦးတင်အေး(မင်းလှ)က မြန်မာစာအသင်အပြကလည်း ကောင်း၊ ဝေဿန္တရာဇာတ်တော်ကြီးကို ရေးသားပြုစုတော်မူခဲ့သည့် ကျေးဇူးတော်ရှင် မင်းဘူးဆရာတော် ဦးဩဘာသ၏ အရေးအသားကလည်း ကောင်းသဖြင့် စာရေးသူတို့ ဝေဿန္တရာ ဇာတ်တော်ကြီးကို အစွဲကြီးစွဲခဲ့ရသည်။ စာပေရသကိုးပါးနှင့် ပြည့်စုံလှသည့် ဇာတ်တော်ကြီးပင်။

ဒါနပါရမီရှင် ဝေဿန္တရာမင်းကြီး၏ အလှူဒါန ရက်ရောပုံနှင့် ပတ်သက်၍ ဝေဿန္တရာဇာတ် အဋ္ဌကထာ၌-

(၁) ဓနပရိစ္စာဂ = ပစ္စည်းဥစ္စာကို စွန့်လှူခြင်း
(၂) အင်္ဂပရိစ္စာဂ = အင်္ဂါကြီးငယ်ကို စွန့်လှူခြင်း
(၃) ပုတ္တပရိစ္စာဂ = သားသမီးကို စွန့်လှူခြင်း
(၄) ဘရိယပရိစ္စာဂ = မယားကို စွန့်လှူခြင်း
(၅) ဇီဝိတပရိစ္စာဂ = အသက်ကို စွန့်လှူခြင်း

တို့ကို အံ့မခန်းတွေ့ရသည်။ ကြားရရုံ၊ သိရရုံဖြင့် ကြက်သီးမွေးညင်းထရသော အရိယာသူတော်စင် ပါရမီရှင်တို့၏ မဟာဒါနအမျိုးအစားတို့ ဖြစ်ကြသည်။

ထိုဇာတ်တော်ကြီးတွင် မိဖုရားမဒ္ဒီဒေဝီ၏ ဝေဿန္တရာမင်းကြီးအပေါ် အချစ်ကြီးပုံ၊ တော်လေးဝဝင် ဇနီးမယားကောင်းပီပီ ပြုစုလုပ်ကျွေးပုံ၊ မိခင်ကောင်းပီသစွာ သားသမီးနှစ်ဦးကို ချစ်ခင်ယုယပြုစုစောင့်ရှောက်ပုံ၊ လူသူမနီး ဟိမဝန္တာတောနက်ကြီးထဲတွင် တောရိုင်းတိရစ္ဆာန်တို့အန္တရာယ်ကိုမမှု၊ အသက်ကိုမငဲ့ဘဲ ခင်ပွန်းသည်နှင့် သားသမီးတို့အတွက် သစ်သီးများ ရှာဖွေကျွေးမွေးပုံ၊ ရလေလိုလေ အိုတစ္ဆေသမားသူယုတ်မာ ဇူဇကာပုဏ္ဏား၏ လောဘရမ္မက်ကြီးမား၍ ကောက်ကျစ်စဉ်းလဲ ရက်စက်ပုံများကို မြင်တွေ့ကြရမည်ဖြစ်သည်။ ဝေဿန္တရာ ဇာတ်တော်ကြီးကို ရုပ်ရှင်အဖြစ်ဖန်တီး တင်ဆက်ခဲ့စဉ်ကလည်း လူကြိုက်များခဲ့ပုံကို ပြန်လည်အမှတ်ရမိသည်။

စာရေးသူတို့ငယ်စဉ်က မိဘဘိုးဘွားများသည် ဇာတ်ပွဲများကြည့်ပြီ ဆိုလျှင် နောက်ပိုင်းဇာတ်ကို

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု **အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ကိုယ်စားပြု မောင်ဉာဏ်ဝင်း ယဉ်ကျေးမှုဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။**

အဓိကထားကြည့်ရှုကြသည်ကို မှတ်မိသေးသည်။ ထိုစဉ်က စာရေးသူတို့နေထိုင်ရာ စစ်ကွင်းမြို့ ကုသိနာရုံဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဝဏ္ဏကျော်ထင် စိန်အောင်မင်း၊ အောင်လံတော် မောင်ခင်စိန်၊ တိုင်းချစ်သန်းစိန်၊ ပန်တျာကြည်လင်၊ ရွှေမန်းကျော်အောင်၊ လက်ပံတန်း၊ မင်းလှမြို့များတွင် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ ဇာတ်ပွဲများကို မိဘဆွေမျိုးသားချင်းများနှင့်အတူ လိုက်ကြည့်ခဲ့ဖူးသည်။ စာရေးသူတို့ မူလတန်းကျောင်းသား အရွယ်လောက်ကတည်းကပင် အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ နာမည်ကျော်ကြား လူကြိုက်များလှသည့် ဗုဒ္ဓဝင်ဇာတ်တော်၊ ရွှဲကုန်သည်တို့မှ ဇာတ်စာများကို ယနေ့အထိ အသည်းထဲစွဲမြဲနေမိသည်။ ထို့ကြောင့် **"ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်"** ဟူသော သဘင်မှုဆိုင်ရာ မြန်မာဆိုရိုးစကားများ သတ်မှတ်ခဲ့ခြင်းဖြစ်ဟန်တူသည်။

သဘင်မှုအနုပညာသည် သရုပ်ဖော်တင်ဆက်ကပြသည့် သဘင်အနုပညာရှင်များနှင့် ပွဲကြည့်ပရိသတ်တို့ တိုက်ရိုက်ဆက်သွယ်မှုရှိသော ရှုမြင်စရာ အနုသဘင်ပညာတစ်ရပ်ဖြစ်၍ ကြည့်ရှုခံစားသည့် ပရိသတ်အပေါ်၌ ဩဇာကြီးမားစွာ လွှမ်းမိုးနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် သဘင်အနုပညာရှင်တို့ ဖန်တီးတင်ဆက်သော သဘင်မှုအနုပညာ စွမ်းရည်ပေါ်တွင်မူတည်၍ ပရိသတ်၏ ခံစားတတ်သော စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေသည်လည်း အထိုက်အလျောက် ပြောင်းလဲနိုင်သည့် အနေအထားတွင် ရှိနေသည်။ တစ်နည်းဆိုရလျှင် အနုပညာသည် ယဉ်ကျေးမှု တိုးတက်မှု၊ ဆုတ်ယုတ်မှု အခြေအနေကို ဖန်တီးနိုင်စွမ်းရှိသော ယဉ်ကျေးမှုဆက်သွယ်ရေးယာဉ် အဖြစ် တည်ရှိနေသည်။

စည်းနှင့်ဝါးကို အခြေခံတည်ဆောက်ထားသော မြန်မာမှုအနုပညာ၏ အနှစ်သာရသည်ပင်လျှင် စည်းနှင့်ကမ်းနှင့် စနစ်တကျ ရှိပြီးသားဖြစ်သည်။ အဆိုအနုပညာတွင်လည်းကောင်း၊ အကအနုပညာတွင်လည်းကောင်း၊ တေးဂီတအနုပညာတွင်လည်းကောင်း စည်းဝါးက ဦးဆောင်ချုပ်ကိုင်ထားသည်။ ရှေးခေတ်ကာလကတည်းကပင် မြန်မာ့ဇာတ်သဘင်သည် စည်းနှင့်ကမ်းနှင့် စနစ်တကျရှိခဲ့သည်။

သာဓကပြရလျှင် မြန်မာသက္ကရာဇ် ၁၁၃၈ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် သောကြာနေ့တွင် ဘိုးတော်ဘုရား ထုတ်ပြန်ခဲ့သော သဘင်မှု အနုပညာဆိုင်ရာ အမိန့်တော်ပြန်တမ်း၌ **"သဘင်မှာ တိုင်းပြည်၏ အလို၊ မင်း၏အလိုများကို တိုက်ရိုက်အားဖြင့်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း ပြုပြင်ပြောဆိုတတ်သောကြောင့် လည်းကောင်း၊ သာသနာရေးနှင့် ဘာသာရေးတွင် အားပေးကူညီတတ်သောကြောင့်လည်းကောင်း သဘင်ဆရာများထားမြဲဖြစ်သည့် သဘင်စည်းကမ်းကို အားလုံးလိုက်နာရမည်။ ကဗျာလင်္ကာစီကုံးရာတွင် အအုပ်၊ အခံ၊ ကာရန်ဝါကျ မညီညွတ်ခြင်း၊ ဂိုဏ်းမလွတ်ခြင်း၊ ဘာသာ၊ သာသနာကို ထိခိုက်ခြင်းများအား သီဆိုခွင့်မရှိသည်ကို ကျူးလွန်ခဲ့သော် ရေးသူ၏လက်ကို အပြစ်ပေး၍ ဆိုသူအား လျှာကိုအပြစ်ပေးရမည်။ အပြစ်ရှိလျှင် သဘင်ဝန်ကြီးကိုယ်တိုင် စစ်ဆေး၍ ထိုက်လျောက်သည့် အပြစ်ကိုပေးရာ၏။ မည်သည့် ရာဇဝတ်ရုံးနှင့်မျှ မသက်ဆိုင်"** စသည်ဖြင့် ထုတ်ပြန်ထားသည်ကို တွေ့ရသည်။

ထိုအချက်ကို ကြည့်ခြင်းအားဖြင့် ရှေးခေတ်မြန်မာ့အနုသဘင်သည် စည်းကမ်းနှင့် မူနှင့်ဘောင်နှင့် စနစ်တကျတည်ရှိခဲ့ပြီး မြန်မာ့ယဉ်ကျေးမှု ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့သည့် အနုပညာအဆင့်အတန်းရှိခဲ့သည်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ကိုလိုနီခေတ်တွင် သဘင်အနုပညာရှင်ကြီး ဦးအောင်မောင်းသည် သုံးရောင်ခြယ် မြန်မာ့အလံတော်နှင့် သုံးရောင်ခြယ်သီချင်းကို ဇာတ်ခုံပေါ်သို့တင်ကာ မြန်မာတို့၏အမျိုးသားစိတ်ဓာတ် အားမာန်ကို လှုံ့ဆော်မြှင့်တင်ပေးခဲ့သည်။ ၁၉၃၇ ခုနှစ် ဖျာပုံမြို့၌ မင်းတိုင်ပင်အမတ်ရွေးချယ်ပွဲ ကျင်းပနေချိန်တွင် မင်းသားကြီး ဦးအောင်မောင်းသည် ဘိုကလေးမြို့ဘုရားကြီးကွင်းရှိ ဇာတ်ရုံမှနေ၍ တို့ဗမာအစည်းအရုံးကြီး၏ သုံးရောင်ခြယ်သီချင်းဖြင့် ပွဲကြည့်ပရိသတ်၏ အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ပေးခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ရေနံမြေသပိတ်ကြီး ချီတက်လာခဲ့စဉ်ကလည်း ပွဲကနေသော ဦးအောင်မောင်းသည် ရေနံမြေသပိတ်ကြီးကို စည်တော်ကြီးဖြင့် ကြိုဆို၍ ရန်ပုံငွေဖြင့် ကူညီအားပေးခဲ့သည်။ ထိုအချိန် ထိုအခါက အခြားဇာတ်သဘင်များက နယ်ချဲ့၏ ယူနီယံဂျက်အလံ ယိမ်းအက ပြနေချိန်တွင် သဘင်အနုပညာရှင်ကြီး ဦးအောင်မောင်းသည် တို့ဗမာအစည်းအရုံးကြီး၏ သုံးရောင်ခြယ် အလံတော်ကိုလွှင့်ထူ၍ ဗန္ဓုလယိမ်း၊ ဓားယိမ်း စသည်တို့ဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပရိသတ်အား လှုံ့ဆော်ပေးခဲ့သည်။

သဘင်အနုပညာရှင်ကြီး ဦးအောင်မောင်းကဲ့သို့ အမျိုးသားရေး စိတ်ဓာတ်နှင့်အတူ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သော အမျိုးသားအနုပညာစိတ်ဓာတ်မျိုးမှာ စံပြုဖွယ်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုလက္ခဏာနှင့် သရုပ်မှန် ပြည်သူ့အကျိုးပြုအနုပညာသည် ခေတ်၏ ရေစီးကြောင်းတွင် ကြည်လင်သောအသွင်၊ သန့်စင်သောအလျဉ်ဖြင့် စီးဝင်နေမြဲဖြစ်သည်။ ခေတ်အဆက်ဆက်က အောင်မြင်စွာ တင်ရစ်ခဲ့သော ပြည်သူ့အနုပညာရှင်တိုင်းသာ စစ်မှန်သော သရုပ်အမှန် အနုပညာဖန်တီးမှု စွမ်းအားဖြင့် အမျိုးသားမှု၊ အမျိုးသားဟန်ကို မှန်ကန်စွာ ထိန်းသိမ်းထားနိုင်ခဲ့ခြင်းကြောင့်သာ အနုပညာသမိုင်း မှတ်တိုင်တွင် မော်ကွန်းတင်ခံခဲ့ရခြင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(၃၉)ကြိမ်မြောက် အဘိဓမ္မာစာအောင်ဆုနှင်း

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ဆူးလေစေတီတော်ရင်ပြင်ပေါ်ရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၃၉)ကြိမ်မြောက် အဘိဓမ္မာစာအောင် ဆုနှင်းသဘင် အခမ်းအနားကို ၁၃၆၈ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက် နိုဝင်ဘာ ၅ ရက် တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ဗဟန်းမြို့နယ်၊ ဗဟန်းလမ်းမကြီး အမှတ် (၄၉/၅၁)ရှိ အဘိဓမ္မာရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းနာယကကြီးများ၊ အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ၊ စာအောင် သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် လှူဒါန်းလိုသူများ အဘိဓမ္မာ အသင်းကြီး ဖုန်း-၃၇၈၄၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဉာဏဝတီသာသနာပြုကျောင်းတိုက် ကထိန်

ရန်ကုန် အောက်တိုဘာ ၁၉

ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဉာဏဝတီသာသနာပြု ကျောင်းတိုက်တွင် (၆၃)ကြိမ်မြောက် ဘုံကထိန်ပွဲကို သံဃာတော်အပါး ၁၁၀ အား ပင့်ဖိတ်၍ မဟာမုနိရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဓမ္မာရုံသစ်၌ (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်) အောက်တိုဘာ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန်နှင့် ရခိုင်မုန့်တီဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျုံးဒေသ မင်္ဂလာကန်ဦး ကျောင်းတိုက် ဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်၊ ကျုံးဒေသမင်္ဂလာကန်ဦး ကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဦးပဏ္ဍိတ အမှူးပြုသော ဒေသခံတောင်တန်းသာသနာပြု ဆရာတော်ကြီးများအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ မန္တလေးသင်းထောက် ဦးအာယု - ဒေါ်ရီရီမြင့် (သဇင်မိုး အော့ဖ်ဆက်) မိသားစုတို့က ကမကထပြု၍ တန်ဆောင်မုန်း လပြည့်နေ့တွင် အဆိုပါကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "လှို့ဝှက်ချက်" (အပိုင်း-၂၆)**
၈:၀၀	၁၆။	မြဝတီ ရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (အပိုင်း-၁၈)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဗန်ကောက်မြို့တော် အစိုးရရုံးများ၌ ၂၀၀၈ခုနှစ်တွင် ဆေးလိပ်သောက်မှု ပိတ်ပင်ရန်စီစဉ်

ဗန်ကောက် အောက်တိုဘာ ၁၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော် အာဏာပိုင်အဖွဲ့သည် မြို့တော်ရှိ အစိုးရရုံးအတွင်း ဆေးလိပ်သောက်မှုကို အပြည့်အဝ ပိတ်ပင်ရန် ၂၀၀၈ ခုနှစ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း အစိုးရအရာရှိများက ဖော်ပြခဲ့သည်။

ဗန်ကောက်မြို့တော်ရှိ အုပ်ချုပ်ရေးဌာန၏ အဓိကရုံးချုပ် နှစ်ခုအတွင်း ဆေးလိပ်သောက်မှု ပိတ်ပင်ခြင်းကို တစ်စိတ်တစ်ဒေသအားဖြင့် အကောင်အထည် ဖော်လျက်ရှိကြောင်း ထိုင်းသတင်းဌာနက ဗန်ကောက်မြို့တော်ဆိုင်ရာ အုပ်ချုပ်ရေး၊ ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဆစ်သီဆပ်ရာဂျိမ်းဝန်ပက်၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။ အဆောက်အအုံ၌ သတ်မှတ်ထားသော နေရာတွင် ဆေးလိပ်သောက်ခြင်းကို ကန့်သတ်ပေးထားသည်။

အစိုးရရုံးများအတွင်း၌ ဆေးလိပ်သောက်မှု တားမြစ်ပိတ်ပင်ခြင်းကို မြို့တော်ရှိ အခြားရုံးများအထိ ချဲ့ထွင်လာလိမ့်မည်ဖြစ်ပြီး ၂၀၀၈ခုနှစ်တွင် လုံးဝတားမြစ်ခြင်း တစ်ရပ်အဖြစ်သို့ ပြောင်းလဲလာလိမ့်မည်ဖြစ်သည်။ ကနဦး၌ မြို့တော်၏ ရုံးဌာနများ အဆောက်အအုံအတွင်း၌ ဆေးလိပ်သောက်ရသောနေရာတစ်ခုကို သတ်မှတ်ပေးထားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ၎င်း နေရာကိုဖယ်ရှားမည်ဖြစ်သည်။ ထိုအချိန်တွင် လုံးဝတားမြစ် ပိတ်ပင်ခြင်းကို အကောင်အထည်ပေါ်လာအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း ဆစ်သီဆပ်ရာက ပြောကြားသည်။

ဗန်ကောက်မြို့တော် အာဏာပိုင်အဖွဲ့သည် ယခုကိစ္စနှင့် ပတ်သက်၍ မြို့တော်တွင်းရှိ အစိုးရရုံးဌာနမှ အလုပ်သမားပေါင်း ၉၉၆၉ ယောက်တို့၏ ထင်မြင်ယူဆချက်များကို လေ့လာခဲ့ရာ ဆေးလိပ်သောက်မှု ပိတ်ပင်ခြင်းကို ၈၃ ရာခိုင်နှုန်းက ထောက်ခံကြောင်း တွေ့ရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပီရူးနိုင်ငံရှိ ကာရောယဉ်ကျေးမှုအဆောက်အအုံဟောင်းများကို လာရောက်လေ့လာနေကြသောကမ္ဘာလှည့်ခရီးသည်များကို အောက်တိုဘာ ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အလူမီနီယံ လမ်းညွှန်ဆိုင်းဘုတ်များ အခိုးခံရမှု မလေးရှားတွင် ရင်းဂစ်နှစ်သန်းခန့် ဆုံးရှုံးနစ်နာ

ကွာလာလမ်ပူ အောက်တိုဘာ ၁၈

မလေးရှားနိုင်ငံ အရှေ့ပိုင်းဒေသတွင် သူခိုးများက လမ်းနှင့်နေရာဒေသပြသည့် ဆိုင်းဘုတ်များကို ရဲတင်းစွာ ခိုးယူနေမှုကြောင့် အစိုးရအနေဖြင့် ရင်းဂစ်နှစ်သန်းခန့် (အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄ သန်း) ဆုံးရှုံးနစ်နာလျက်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

အလူမီနီယံသတ္တုဖြင့် ပြုလုပ်ထားသည့် လမ်းညွှန်ဆိုင်းဘုတ်များ ဆက်တိုက်အခိုးခံခဲ့ရပြီးနောက် ဆဘားပြည်နယ်အစိုးရကအလူမီနီယံသတ္တုများအစား အခြားပစ္စည်းများဖြင့် အစားထိုးရန် စဉ်းစားလျက်ရှိသည်ဟု ပြည်နယ်ဝန်ကြီးချုပ် မူဆာအမန်က ပြောကြားသည်။ ဆဘားပြည်နယ်တွင် အဆိုပါ ဆိုင်းဘုတ်များ ခိုးယူမှုသည် ပျံ့နှံ့လျက်ရှိနေပြီး မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ယင်းဆိုင်းဘုတ်များကြည့်ရှု၍ မောင်းနှင်နေကြရာ အန္တရာယ်ဖြင့် ကြုံတွေ့နေရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

တူရကီ၌ မြေမြှုပ်ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

အန်ကာရာ အောက်တိုဘာ ၁၈

တူရကီတပ်ဖွဲ့ဝင်များသည် နိုင်ငံအရှေ့တောင်ပိုင်း ဟက်ကာရီပြည်နယ်၌ စနေနေ့က စစ်ဆင်ရေးဆင်နွှဲနေစဉ် ကာ့ဒ်အလုပ်သမားများအဖွဲ့(ပီကေကေ)က ထောင်ထားသည့် မြေမြှုပ်ဗုံးတစ်လုံးကို နင်းမိသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီးတစ်ဦးဒဏ်ရာရရှိသွားကြောင်းအနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ပီကေကေအဖွဲ့ထောင်ထားသည့် မြေမြှုပ်ဗုံးပေါက်ကွဲမှုကြောင့် ဗိုလ်အိုမာအဇက်နှင့် တပ်သားမာမွတ် အယ်လ်ဆီ သေဆုံးသွားပြီး တပ်သားဆူလေမန်ဆန်ဗာဒီမှာဒဏ်ရာရရှိသွားကြောင်းပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါလက်စတိုင်း ဒုက္ခသည်အချို့ကို လွှဲပြောင်းပေးရန် ဂျော်ဒန်စီစဉ်

ဂါဇာ အောက်တိုဘာ ၁၈

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်ပသို့ထွက်ပြေးလာခဲ့ကြသည့် ထောင်ပေါင်းများစွာသော ပါလက်စတိုင်းလူမျိုးများအနက်အချို့ကို အခြားနိုင်ငံသို့ လွှဲပြောင်းပေးရန် ဂျော်ဒန်နိုင်ငံက စီစဉ်နေကြောင်း ပါလက်စတိုင်းအစိုးရအဖွဲ့ ဒုက္ခသည်များဆိုင်ရာ ဝန်ကြီးအေတက်အက်ဝမ်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။ ဂျော်ဒန်အစိုးရက ပါလက်စတိုင်းဒုက္ခသည် ၂၈၀ တို့ကို ကနေဒါနိုင်ငံသို့ လွှဲပြောင်းပေးရန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ညှိနှိုင်းခဲ့ရာ သဘောတူညီမှုရရှိပြီဖြစ်ကြောင်း အက်ဝမ်၏ ပြောကြားချက်ကို သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

ပါလက်စတိုင်း ဒုက္ခသည်များသည် အီရတ်နိုင်ငံတွင် ဂိုဏ်းဂဏ တိုက်ခိုက်မှုများခံရမှုကြောင့် အီရတ်မှ ထွက်ပြေးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ယာဉ်တစ်စီးကို အောက်တိုဘာ ၁၇ရက်ကတွေ့ရစဉ်
(ဓာတ်ပုံ-အင်တာနက်)

MP-3 သီချင်းနားထောင်သောကိရိယာများ လူ့သောတအာရုံကို ထိခိုက်စေနိုင်ကြောင်းသတိပေး

ပေကျင်း အောက်တိုဘာ ၁၈

MP-3 သီချင်းနားထောင်သော ကိရိယာငယ်များကို အသုံးပြုကာ သီချင်းနားထောင်သူများအနေဖြင့် ထိုကိရိယာ၏ နားကျပ်သည် နားအတွင်း တိုက်ရိုက်ထည့်သွင်းနားထောင်ရသည်ဖြစ်၍ သောတအာရုံကိုထိခိုက်နိုင်ကြောင်း ကျန်းမာရေးသတိပေးမှုများ ထွက်ပေါ်လာသည်။

ယခုကိစ္စနှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် ပတ်သက်သည်များကို ဗြိတိန်အမျိုးသား ဆွံ့အနားမကြားလေ့လာရေးအဖွဲ့မှ သုတေသနပြုလုပ်ရာမှ သိရှိရခြင်းဖြစ်သည်။ MP-3 ဂီတကိရိယာသုံးစွဲသူများ၏ ၅၈ရာခိုင်နှုန်းသည် ထိုကိရိယာကြောင့် ဖြစ်ပေါ်လာနိုင်သည့် သောတအာရုံချွတ်ယွင်းသည့် အခြေအနေကို လုံးဝသိရှိကြခြင်းမရှိဘဲ ကိရိယာကိုသုံးစွဲနေကြသည်ကို လေ့လာတွေ့ရှိရသည်ဟုဆိုသည်။ MP-3 သီချင်းနားထောင်သော ကိရိယာငယ် ကိုသုံးစွဲသော လူငယ်မျိုးဆက်များအကြားတွင် အရွယ်မတိုင်မီ သောတအာရုံ ချွတ်ယွင်းနိုင်သော အန္တရာယ်ရှိသည်ဟုဆိုသည်။ သို့ဖြစ်၍ ၎င်းကိရိယာသုံးစွဲသူများအနေဖြင့် အသံကျယ်လောင်စွာ သုံးစွဲပါက အန္တရာယ်ရှိ နိုင်ကြောင်း ထုတ်လုပ်သူများက သတိပေးဖော်ပြသင့်သည်ဟု သုတေသီများက အကြံပြုထားသည်။

အင်တာနက်။

ဝန်ထမ်းဦးရေတစ်သန်း လျှော့ချရန် အင်ဒိုနီးရှားအစိုးရ စီစဉ်

ဂျကာတာ အောက်တိုဘာ ၁၈

အင်ဒိုနီးရှားအစိုးရသည် ကျွမ်းကျင်မှုဝန်ထမ်းများ ဖြစ်လာစေရန်အတွက် အစိုးရဝန်ထမ်းဦးရေကို တစ်သန်းထက်မနည်းလျှော့ချရန် စီမံကိန်းတစ်ရပ်ကို ထုတ်ပြန်ကြေညာထားကြောင်း အောက်တိုဘာ ၁၆ ရက်ထုတ် ဂျကာတာပို့စ် သတင်းစာတွင် ရေးသားဖော်ပြထားသည်။

၃ ဒသမ ၆ သန်း

အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိဝန်ထမ်းဦးရေ ၃ ဒသမ ၆ သန်းမှာ လွန်စွာများပြားကြောင်း၊ အရည်အချင်းမပြည့်မီသည့် ဝန်ထမ်းများကို ကာလအပိုင်းအခြားများ သတ်မှတ်ကာ လျှော့ချသွားမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးလုပ်ငန်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပြည်နယ်ဝန်ကြီးတာဖီစ်အက်ဖ်ဖန်ဒီ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာတွင် ဖော်ပြထားသည်။

စတင်လျှော့ချ

နိုင်ငံတွင် ဝန်ထမ်းဦးရေကို စတင်လျှော့ချနေပြီဖြစ်ကြောင်းနှင့် အငြိမ်းစားယူသွားသူများ၏နေရာတွင် အစားထိုးခန့်အပ်ခံရသူဦးရေကိုလည်း လျှော့ချလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် နှစ်စဉ်ပင်စင်ယူသော ဝန်ထမ်းဦးရေမှာ ၁၂၅၀၀၀ ရှိသည်ဟု အစိုးရစာရင်းအင်းများတွင် ဖော်ပြထားသည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း အစိုးရကနှစ်စဉ်ဝန်ထမ်းဦးရေ ၂၀၀၀၀ မှ ၂၅၀၀၀ အထိကိုသာ ဝန်ထမ်းအသစ်ခန့်ထားကြောင်းတာဖီစ်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ရိုးရာပရဆေးအရောင်းဆိုင်တစ်ဆိုင်ကို အောက်တိုဘာ ၁၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နီပေါ၌ ရောဂါဆန်းဖြစ်ပွား

ခတ္တမန္ဒူ အောက်တိုဘာ ၁၇

နီပေါနိုင်ငံ ဒဒီဒ်ဟူရာခရိုင် အနောက်ဖျားပိုင်းရှိ ဝေးလံသော ကျေးရွာတွင် ရောဂါဆန်းတစ်မျိုး ဖြစ်ပွားပြီး လွန်ခဲ့သောနှစ်ပတ်ကျော်က လူရှစ်ဦးသေဆုံးခဲ့ရာ ဒေသခံများအကြား ဆိုးဆိုးရွားရွား အထိတ်တလန့် ဖြစ်ပွားစေခဲ့ကြောင်း ဒေသခံအက်ဖ်အမ်ရေဒီယိုကအောက်တိုဘာ ၁၅ တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ခတ္တမန္ဒူမြို့ အနောက်ဘက် ကီလိုမီတာ ၇၅၀အကွာ၌ရှိသော အဆိုပါခရိုင်၏ ရွာနီးချုပ်စပ်ရှိ လူ ၄၀၀ ကျော်သည် ယင်းရောဂါ ကူးစက်ခံခဲ့ရကြောင်း ပုဂ္ဂလိက အသံလွှင့်ဌာနကနူပါ အက်ဖ်အမ်ကဖော်ပြသည်။

အဆိုပါ ရောဂါဆန်းသည် အပြင်းအထန်ခေါင်းကိုက်ခြင်း၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူခက်ခဲခြင်း လက္ခဏာများပြသပြီးနောက်အချိန်တိုအတွင်း သေဆုံးခဲ့ကြောင်း ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆက်လက်တိုးတက်လာမည့်လူဦးရေအတွက်ဖူလုံအောင် တိုးချဲ့စိုက်ပျိုး စပါးစိုက်ပျိုးမှုကို အဓိကစီးပွားရေး၊ ရေရှည်စီးပွားရေးအဖြစ် လုပ်ကိုင် ခြံစည်းရိုးကြက်ဆူပင်များကို ဒေသအတွက် ဘိုင်အိုဒီဇယ်ရရှိရန် စိုက်ပျိုး

နေပြည်တော် အောက်တိုဘာ ၁၉

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့မှ ဘုတ်ပြင်း–တနင်္သာရီ–မြိတ်ကားလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ နံနက် ၈နာရီ ၂၅မိနစ်တွင် ပြည်ကြီးမဏ္ဍိုင်မြို့သို့ရောက်ရှိကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသဝမ်းစာဖူလုံရေးနှင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်မှု၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသရှိ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးပြီး မှာကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားနေသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက် လျက်ရှိကြောင်း၊ မိုးနည်းရပ်ဝန်း၌ပင် ဆည်ရေ၊ မြစ်ရေတင်လုပ်ငန်းတို့ဖြင့် စပါးကို ဒေသဝမ်းစာဖူလုံအောင် စိုက်ပျိုးလျက်ရှိကြောင်း၊ ပြည်ကြီးမဏ္ဍိုင်မြို့အနေဖြင့် စိုက်ပျိုးရေအတွက်လည်းကောင်း၊ စိုက်ပျိုးမြေအတွက်လည်းကောင်း အခက်အခဲမရှိသည့်အတွက် မိမိတို့ဒေသ ဆန်ဖူလုံမှုကို အထောက်အကူပြုနိုင်အောင် ဆောင်ရွက်လုပ်ကိုင်နိုင်ကြောင်း၊ လယ်မြေထပ်မံတိုးချဲ့မရနိုင်သော တောင်ကုန်းတောင်စောင်းများ၌ တောင်ယာ၊ ကုန်းမြင့်လယ်ယာတို့ ဖော်ထုတ်လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

ဤဒေသအနေဖြင့် ဆက်လက်တိုးတက်လာမည့် လူဦးရေတို့အတွက်ပါ ဖူလုံအောင် ဆက်လက်တိုးချဲ့စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း၊ ဒေသနေ ပြည်သူများအနေဖြင့် ရေလုပ်ငန်း၌သာ နစ်မျောမနေကြဘဲ စပါးသီးနှံစိုက်ပျိုးမှုကို အဓိကစီးပွားရေး၊ ရေရှည်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သွားကြအောင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများက အသိပညာပေး ဆွေးနွေးလမ်းပြ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အတူ ခြံစည်းရိုးကြက်ဆူပင်များကိုလည်း မိမိဒေသအတွက် ဘိုင်အိုဒီဇယ်ရရှိစေရန်အတွက် စိုက်ပျိုးကြရန်လိုကြောင်း၊ ရေရှည်အကျိုးကို မျှော်မှန်း၍ စီးပွားဖြစ် လုပ်ကိုင်ကြမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား မြေနေရာနှင့် လိုအပ်သော ကူညီပံ့ပိုးမှုများပေးပြီး စိုက်ပျိုးလုပ်ကိုင်လာကြစေရန် စီစဉ်ဆောင်ရွက်ကြရန်လိုကြောင်း၊ အိမ်တိုင်း၊ ရုံးတိုင်းတို့၌ ခြံစည်းရိုးများကို မဖြစ်မနေစိုက်ပျိုးကြရန်လိုကြောင်း၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုကို အမျိုးသားရေးတာဝန်အဖြစ် နိုင်ငံသားတိုင်းက ခံယူလိုက်နာ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးလုပ်ငန်းများကိုလည်း တာဝန်ရှိသူများက အလေးထားကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မြို့ကို မြို့အင်္ဂါရပ်များနှင့် ပြည့်စုံအောင် နိုင်ငံတော်ပိုင်းက ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ဆက်လက်၍ စည်ကားသိုက်မြိုက်လာရေးကို ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် ဖြစ်သည့်အပြင် ပြည်ထောင်စုလမ်းမကြီးနှင့် မြို့တွင်းလမ်းများကို အမြဲကောင်းမွန်နေအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံ(၁၆–ခုတင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးရုံ၌ ဆေးကုသမှု ခံယူနေကြသော ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေး စကားပြောကြားပြီး ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်း–တနင်္သာရီလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ လမ်းတစ်လျှောက် လမ်းနှင့်တံတားများအခြေအနေ၊ လမ်းဘေးဝဲ/ယာရှိ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဘုတ်ပြင်း–တနင်္သာရီလမ်း မိုင်တိုင်အမှတ်(၈၇/၀)သို့ ရောက်ရှိကြရာ ဘုတ်ပြင်း–တနင်္သာရီလမ်း စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး (စီမံကိန်း)ဦးဘဝမ်းက ဘုတ်ပြင်း–တနင်္သာရီလမ်း ၁၄၇ မိုင်ကို အပိုင်းအလိုက် တာဝန်ခွဲဝေ ဆောင်ရွက်နေမှုအခြေအနေများနှင့် လမ်းတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူးများက သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြိတ်–ကော့သောင်းသွား ခရီးသည်တင်ကားများ ရာသီမရွေးသွားလာနိုင်အောင် တနင်္သာရီ–ဘုတ်ပြင်း လမ်းတည်ဆောက်မှုများကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ယခုနှစ်အတွင်း မြိတ်မြို့မှ ဘုတ်ပြင်းမြို့အထိ ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် တနင်္သာရီမြို့နယ်ရှိ ကမ္ဘောဇစိုက်ပျိုးရေး စက်မှုလုပ်ငန်းများလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးရုံး ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စပါးစိုက်ဧက တိုးတက်လာရန်၊ ကားလမ်းဘေးရှိ မြေလွတ်နေရာများ၌ စပါးစိုက်ပျိုးကြရန်၊ ရေကျနောက်စိုက် စိုက်ပျိုးနိုင်သောနေရာများ၌ စပါးစိုက်ပျိုးနိုင်သူများအား နေရာချထားကာ စိုက်ပျိုးစေရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက်ကမ္ဘောဇ စိုက်ပျိုးရေးစက်မှုလုပ်ငန်းများလီမိတက် ဒါရိုက်တာ ဦးသန်းဖေက ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆီအုန်းခြံတွင် ခြံစည်းရိုးကြက်ဆူပင်များကို ခြံစည်းရိုးအနေဖြင့် လည်းကောင်း၊ စီးပွားဖြစ်အနေဖြင့် လည်းကောင်း စိုက်ပျိုးသွားရန်မှာကြားသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်း–တနင်္သာရီ–မြိတ်လမ်း အတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး တည်ဆောက်ဆဲဖြစ်သော တနင်္သာရီ မြို့နယ်ခန်းမကိုကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

စုစည်းရေးသားကြပါစို့

ပစ္စက္ခတွင်
မြန်မာ့စနစ်၊ အသွင်သစ်ဖို့
ထုဆစ်ပန်းပု၊ ညီအောင်ပြု၍
ဖုထစ်ရှိငြား၊ ညီညာအားဖြင့်
ဆပွားအားခွန်၊ ဖြိုး၍သွန်စဉ်.....။

သူ့ကျွန်အဖြစ်
နှံ့မှာနစ်ဖို့၊ လက်သစ်နယ်ချဲ့
ယိုးမယ်ဖွဲ့၍၊ ကဲ့ရဲ့တင်းဆို
မှုသားပိုလျက်၊ သပ်လျှိုသွေးခွဲ
စိတ်ဝမ်းကွဲအောင်
အမြဲကြံဆောင် နေကြသည်.....။

တစ်ဖက်တွင်မူ
မြင်မတူ၍၊ လူလူပြန်ဟစ်
မျိုးမချစ်သည့်၊ ကျွန်ညစ်လူဆိုး
ပုဆိန်ရိုးတို့၊ အမျိုးကိုဖျက်
အာဏာမက်၍၊ တိုင်းပျက်ပြည်ဆူ
ဘယာပူအောင်
ရန်မူနှောင့်ယှက်နေကြသည်.....။

သို့ဖြစ်လင့်သော်
ကိုယ်နှင့်သတိ၊ အမြဲရှိမှ
အသိမကင်း၊ အမြင်လင်း၍
မယွင်းသစ္စာ၊ မကွာစည်းကမ်း
ကိုယ်ရည်မှန်းသည့်၊ ကိုယ့်ပန်းတိုင်မှန်
ကိုယ့်နည်းဟန်ဖြင့်၊ ကိုယ့်ရန်ကိုယ်ရှင်း
ကိုယ့်ပြည်တွင်းအား၊ ကိုယ်ကိုးစားမှ
ကိုယ့်သားမြေးမြစ်၊ ပြောထုံးဖြစ်မည်
စိတ်သစ်ညီလျက်၊ ကိုယ့်ပြည်ကိုယ့်တိုင်း
ကိုယ့်သမိုင်းကို၊ ဝိုင်းဝန်းရေးရှု
နှောင်ညီထုဖြင့်
စုစည်းရေးသားကြပါစို့.....။

(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်)

ရန်ကြီးအောင်

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ပြပွဲ ဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများဖြစ်ကြသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ဘဏ္ဍာရေး၊ လုံခြုံရေး၊ ပြန်ကြားရေးနှင့် စီမံခန့်ခွဲရေး ဆပ်ကော်မတီများက ၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် အထွေထွေပိုင်းတွင် ပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များက ၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေး အတွက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့် ၂၀၀၆ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(20-10)05.P65 1 32/20/5, 2:51 PM

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းအား Hi Star Co.,Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမြင့်က ရန်ကုန်–မန္တလေး ခြောက်လမ်းသွား စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူး ကြခတ်ဝိုင်းစာသင်တိုက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်းစီမံကိန်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြား

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၅ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်–မန္တလေးလမ်းအတိုင်း ထွက်ခွာလာရာ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း နယ်စပ်ဒေသရှိ ဝင်းဘောဒတ်တံတားမှ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နံနက်ပိုင်းတွင် ပဲခူးမြို့သို့ ရောက်ရှိကြသည်။

ပဲခူးမြို့ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၏ (၅၇)ကြိမ်မြောက်မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် အဆိုပါပရိယတ္တိစာသင်တိုက်အတွင်းရှိ ဝိနယသဘင ရာပြည့်ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညို၍ ကထိန်သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ကြခတ်ဝိုင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ အမှူးပြုသော စာချစာသင် သံဃာတော် အပါး ၁၀၀၀ကျော်တို့ကြွရောက်တော်မူကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ နယ်မြေခံတပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်တို့က နမောတသ သုံးကြိမ်ရွတ်ဆို ဘုရားကန့်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော် သြဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် ကြခတ်ဝိုင်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ကြခတ်ဝိုင်းဆရာတော်က သြဝါဒဓမ္မကထာနှင့် ငါးပါးသီလတို့ကို ဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်ချုပ်ကိုကိုတို့ အမှူးပြုသော ပရိသတ်တို့က နာကြားကြပြီး ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ကြခတ်ဝိုင်း ဆရာတော်ထံ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကထိန်သင်္ကန်းကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကြခတ်ဝိုင်းဆရာတော်ထံ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သာသနာရေးဆိုင်ရာကို လျှောက်ထားသည်။

ထို့နောက်ကြခတ်ဝိုင်းဆရာတော်က ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကို ဟောကြားချီးမြှင့်တော်မူရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ပရိသတ်တို့က နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြ၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နန်းတော်ရာရပ်ကွက်ရှိ ဥသာသီရိစာသင်တိုက်သို့သွားရောက်၍ ပဲခူးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဥသာသီရိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်ချုပ်ကိုကိုတို့က ဆရာတော် ဘဒ္ဒန္တဝိမလအား ကထိန်သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေး ဆိုင်ရာများကို လျှောက်ထားကြသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်၏ ရန်ကုန်–မန္တလေး ပြည်ထောင်စု လမ်းမကြီး၏ ပဲခူး–ညောင်လေးပင်လမ်း မိုင်တိုင်အမှတ်(၅၀/၀မှ ၉၈/၀)အထိ ၄၈မိုင်ရှည်လမ်းအပိုင်းကို အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးစောဒေးဗစ်သာက လမ်းတိုးချဲ့ ဖောက်လုပ်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ လမ်းခင်းပစ္စည်းများ အခြေအနေနှင့် ယာဉ်/စက်/ယန္တရားကြီးများ လုပ်ငန်းခွင် ဝင်ရောက်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်စွာနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရန်ကုန်–မန္တလေး ကားလမ်း ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီ၏နယ်မြေတစ်လျှောက်ရှိ လမ်းပြုပြင်ထားမှု အခြေအနေများနှင့် လမ်းမကြီး၏ လမ်းဘေးဝဲ/ယာတစ်ဖက်တစ်ချက်ရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါး စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အိုလံပစ်ကုမ္ပဏီလီမိတက်၏ အဖွဲ့ဝင်ကုမ္ပဏီတစ်ခုဖြစ်သော Hi-Star Co., Ltd. ၏ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမြင့်က ရန်ကုန်–မန္တလေး(၆)လမ်းသွား စီမံကိန်း မိုင်တိုင်အမှတ်(၉၈/၀) ညောင်လေးပင်မှ မိုင်တိုင်အမှတ် (၁၄၆/၀)ဇေယျာဝတီအထိ ၄၈မိုင် အရှည်လမ်းတွင် နှစ်အလိုက် လမ်းပြုပြင်တည်ဆောက် ပြီးစီးမှုနှင့် တံတားများပြုပြင်ပြီးစီးမှုအခြေအနေ၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့် လမ်းလုပ်ငန်း လျာထားချက်၊ မိုးရာသီတွင် လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး စီမံကိန်း ဇေယျာဝတီ–ရေတာရှည် မိုင်တိုင်အမှတ်(၁၄၆/၀)မှ (၁၉၄/၀) အထိ ၄၈မိုင် လမ်းအပိုင်းကို အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Kanbawza Pathfinder Industries Ltd. ၏ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က တာဝန်စတင်ယူခဲ့သည့် ၂၀၀၁–၂၀၀၂ခုနှစ် ပွင့်လင်းရာသီမှ ၂၀၀၅–၂၀၀၆ခုနှစ် ပွင့်လင်းရာသီအထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုများ၊ နှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ တံတားများပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း၊ လမ်းသားတိုးချဲ့ခြင်းနှင့် မြေသားတမံတိုးချဲ့ခြင်းလုပ်ငန်း၊ မိုးတွင်းကာလပြုပြင်ထိန်းသိမ်းမှုနှင့် ဆောင်ရွက်နေမှုလုပ်ငန်းများ၊ လာမည့်ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့ပြ/ကျေးလက် စည်ပင်သာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့သည် လမ်း/တံတားများ ကောင်းမွန်မှုနှင့် အဆင်ပြေချောမွေ့မှုတို့အပေါ်တွင် အခြေခံကျလျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် ၄၈မိုင်အရှည်လမ်းအပိုင်းရှိ လမ်း/တံတားများအား လက်ရှိအနေအထား၊ အရည်အသွေးတို့ထက် မနိမ့်ကျသွားစေရန်နှင့် ပိုမိုကောင်းမွန်စေရန် တာဝန်သိသိ၊ စေတနာရှိရှိဖြင့် စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုပြုပြင်ရန်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့၏ သန့်ရှင်းသာယာ လှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းများအဆင့်မြှင့်ပြုပြင်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး အဆင့်မြှင့်တိုးချဲ့တည်ဆောက်ရေး စီမံကိန်း ရေတာရှည်–ပျဉ်းမနား လမ်းပိုင်း မိုင်တိုင်အမှတ် ၁၉၄/၀မှ ၂၄၂/၀အထိ ၄၈မိုင်အရှည်လမ်းပိုင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးသန်းရှိန်က ဆောင်ရွက်ရသည့် လမ်းပိုင်းနှင့် မိုင်အရှည်၊ ၂၀၀၁–၂၀၀၂ ခုနှစ်ကာလမှ ၂၀၀၄–၂၀၀၅ ခုနှစ်ကာလအထိ လေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၀၅–၂၀၀၆ ခုနှစ်အတွက် ဆောင်ရွက်ရန် လျာထားချက်၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းလိုအပ်ချက်များနှင့် အခက်အခဲများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

ချမ်းမြေ့သာစည်ကျောင်း သတ္တမအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၉

ဆရာတော် အရှင်အဂ္ဂဉာဏ(ချမ်းမြေ့)သာသနဓဇ ဓမ္မာစရိယ တည်ထောင်တော်မူသော မြောင်းမြကြိုးတံတားအနီး ချမ်းမြေ့သာစည်ကျောင်း သတ္တမအကြိမ်ဘုံ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ၄ရက်(တန်ဆောင်မုန်းလပြည့်နေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ သံဃာတော်၄၉ပါးတို့အား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ အမှုဆောင်အဖွဲ့ ဖုန်း–၀၉–၅၁၀–၄၀၈၃၊ ၀၁–၂၉၇၉၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကြွရောက်ကြည်ညိုကြရန် ဖိတ်ကြားထားသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၁၀–၂၀၀၆(သောကြာနေ့)

၁၃၆၈ခုနှစ်၊သီတင်းကျွတ်လကွယ်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ လှပ်ရှားပုံပြင်စိတ်ပျော်ရွှင်

၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနယ်ဉ်

၈:၁၅ ၇။ အဆိုပြိုင်ပွဲ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ English for Every day Use.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ တေးဂီတအစီအစဉ်

၄:၄၅ ၄။အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ရက္ခဗေဒအထူးပြု)(ရက္ခဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား

၅:၃၀ ၇။ **"အလျော်အစား" (ဇင်ဝိုင်း၊ငွေစင်သွန်း၊ခင်သန်းနွယ်) (ဒါရိုက်တာ–ကျော်ဇောလင်း)**

၅:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်

၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နတ်သမီး" (အပိုင်း–၁၁)**

၈:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးပထမချစ်ပုံပြင်" (အပိုင်း–၁၀)**

၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်

၁၉။ နောက်တစ်နေ့အစီအစဉ်

၂၀။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနမှ အရှေ့တောင်အာရှ၊ တောင်အာရှနှင့် ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာန တာဝန်ခံ **Mr. Nguyen Hoanh Son** ခေါင်းဆောင်သည့် ဗီယက်နမ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သမိုင်းစဉ်တစ်လျှောက်မရရှိခဲ့သော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများရရှိနေ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေး ထည့်သွင်းဆွေးနွေးရန်လုပ်ဆောင်မှုများအား ကန့်ကွက်

ရန်ကုန် အောက်တိုဘာ ၁၉

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာနမှ အရှေ့တောင်အာရှ၊တောင်အာရှနှင့် ပစိဖိတ်ဒေသ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာန တာဝန်ခံ Mr. Nguyen Hoanh Son ခေါင်းဆောင်သည့် ဗီယက်နမ် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် ဗဟန်းမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tungနှင့် ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူးဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ဖွဲ့စည်းမှုနှင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူတို့နှင့်အတူ ပါဝင်ဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်နေသော အခြေအနေများ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက မျက်မှောက်ကာလတွင် သမိုင်းစဉ်တစ်လျှောက် မည်သည့်အချိန်ကမှ မရရှိခဲ့သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှန်များကို မျက်ကွယ်ပြုပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမရှိဟု လုပ်ကြံပြောဆိုသူ အချို့ရှိနေကြောင်း၊ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ထည့်သွင်း ဆွေးနွေးရန် လုပ်ဆောင်မှုများကို အသင်းကြီးက သဘောမတူကန့်ကွက်ကြောင်း၊ နိုင်ငံတော်အတွင်း ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများ ဆက်လက် ထိန်းသိမ်းပြီး ပိုမိုတိုးတက်စေရန် အသင်းကြီးအနေနှင့် ပြည်သူများနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်သစ် ရေရှည် ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် ချမှတ်ဆောင်ရွက်လျက်ရှိသော နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်ကြွစွာ ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက်လည်း ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်း ပြောကြားသည်။

ယုံကြည်

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Tran Van Tung က နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအတွင်း ရင်းနှီးနွေးထွေးသော ဆက်ဆံမှုများရှိပြီးဖြစ်ကြောင်း၊ ယင်းချစ်ကြည်ရင်းနှီးမှု အပေါ်အခြေပြု၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ရင်းနှီးချစ်ကြည်မှု

ယင်းနောက် ဗီယက်နမ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Nguyen Hoanh Son က ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့်ပတ်သက်သည့် အချက်အလက်များ၊ ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ဗီယက်နမ်ပြည်သူလူထုအနေဖြင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည် ရင်းနှီးသော ဆက်ဆံရေး တည်ဆောက်နေမှုများ၊ ဗီယက်နမ်နှင့် မြန်မာနှစ်နိုင်ငံ အစိုးရများ သာမက အဖွဲ့အစည်းနှင့် ပါတီအချင်းချင်း၊ ပြည်သူလူထုအချင်းချင်း အစဉ်အလာရှိခဲ့သည့် ရင်းနှီးချစ်ကြည်မှုကို တိုးတက်ခိုင်မြဲစေရန် တိုးမြှင့်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုများကို ဗွီစီဒီဖြင့် ပြသရှင်းလင်းသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗီယက်နမ်ချစ်ကြည်ရေး အဖွဲ့ခေါင်းဆောင် Mr. Nguyen Hoanh Son တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ထားဝယ်လူငယ်မိသားစု မဟာဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ဒုတိယအကြိမ်မြောက် ထားဝယ်လူငယ်မိသားစု၏ မဟာဘုံကထိန်ပွဲကို ၁၃၆၈ခု၊ တန်ဆောင်မုန်းလဆန်း ၂ရက် (အောက်တိုဘာ ၂၂ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ပုညာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့ပေါ်ရှိ ထားဝယ်ဘုန်းတော်ကြီးကျောင်းများမှ ပင့်သံဃာ ၈၉ ပါးအား ကထိန်လျာသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ ထားဝယ်သူ/သားအားလုံး တက်ရောက်ကြည်ညိုနိုင်ကြောင်း နှိုးဆော်ထားသည်။ မဟာဘုံကထိန်ပွဲတွင် ကံ့ကော်မြိုင်ဆရာတော် ဦးသာသနက သာဓုအနုမောဒနာတရား ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဆေးဝါးကုသမှုခံယူနေကြသော ညီလာခံကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၉

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြား၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ သွားရောက်ကြပြီး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသော တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးသောင်းထွန်း၏ ကျန်းမာရေးအခြေအနေများကို တွေ့ဆုံမေးမြန်းအားပေး စကားပြောကြားပြီး လိုအပ်သည်များကိုပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။**(အပေါ်ပုံ)**

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ရောက်ရှိကြပြီး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးယောအေးလှနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစိုင်းအုန်းမြင့်တို့၏ ကျန်းမာရေးအခြေအနေများကို တွေ့ဆုံမေးမြန်းအားပေး စကားပြောကြားကြပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေး ထောက်ပံ့ငွေများကို ပေးအပ်၍ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အထက(၂) ကမာရွတ် ပညာရည်ချွန်ဆုပေး

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တေဇခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၏ ဇနီး ဒေါ်သဇင်နွယ်၊ ကမာရွတ်မြို့နယ် ပညာရေးမှူး ဦးမောင်ချစ်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယကကြီးများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း နာယကကြီးများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦးအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၏ ဇနီး ဒေါ်သဇင်နွယ်က ဆုပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

(ပညာရေး)

မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်မွေးမြူ၍ စည်းလုံးညီညွတ်စွာနေထိုင်၊ ဒေသဖွံ့ဖြိုးရေး တက်ညီလက်ညီကြိုးပမ်း

ဒေသတွင်း စည်းလုံးညီညွတ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အုပ်ချုပ်ရေးခိုင်မာမှု စသည့်အခြေခံလိုအပ်ချက်များ တည်ဆောက်ထိန်းသိမ်း

❀ ရှေ့ဖုံးမှ

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ရက် နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်၏ ရော်ဘာစိုက်ခင်း၊ ခြံစည်းရိုးကြက်ဆူစိုက်ခင်း၊ ငရုတ်ကောင်း၊ ထောပတ်၊ တညင်းနှင့် သရက်ပျိုးဥယျာဉ်ကိုလည်းကောင်း၊ ရော်ဘာပျိုးဥယျာဉ်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ရဟတ်ယာဉ်များဖြင့် မြစ်ကြီးနားမြို့မှ စစ်ကိုင်းတိုင်း နန်းယွန်းမြို့နယ် ပန်ဆောင်မြို့သို့ ရောက်ရှိကြပြီး ရေးဦးစွာ ဝန်ကြီးချုပ်သည် ကြိုဆိုနှုတ်ဆက်ကြသူများအား နှုတ်ဆက်အားပေး၍ မြို့အနေအထားနှင့် နောင်ရမ်းအင်းအခြေအနေတို့ကို ကြည့်ရှုသည်။

ဆက်လက်၍ ပန်ဆောင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးကြသည်။

ထိုမှတစ်ဆင့် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းနှင့် ဇာတိမာန်သီချင်းတို့ကို သံပြိုင်သီဆို၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် e-Education Learning Centreကိုလည်းကောင်း၊ ကျောင်းဆောင်များနှင့်ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ပန်ဆောင်မြို့ ကိုယ့်အားကိုယ်ကိုးဈေးကို ကြည့်ရှုစစ်ဆေးကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကိုလည်း ဝင်ရောက်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် နောင်ရမ်းခန်းမ၌ တွေ့ဆုံရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပန်ဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက ချိုင့်ဝှမ်းလွင်ပြင် အနည်းငယ်ဖြင့် တောင်တန်းများပေါများသည့် နယ်စပ်ဒေသ ပန်ဆောင်မြို့၏အနေအထား၊ နာဂ၊လီဆူး၊ ဗမာတိုင်းရင်းသားများ အေးချမ်းစွာ စုပေါင်းနေထိုင်ကြမှု၊ နယ်မြေအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု၊ မြေအသုံးချမှုနှင့် ပညာရေး၊ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့က ပန်ဆောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမှုများ၊ ဆက်လက်ပံ့ပိုးကူညီသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်က ပန်ဆောင်မြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ အဆောက်အအုံမွမ်းမံပြင်ဆင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးရေး၊ ဆေးရုံသုံးပစ္စည်းများပြည့်စုံရေး၊ စာသင်ကျောင်း ကျောင်းဆောင်များ မွမ်းမံပြင်ဆင်ရေး၊ ရေအားလျှပ်စစ်ရရှိရေးအတွက် စနစ်တကျ ရှာဖွေတိုင်းတာရေး ကိစ္စများကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က မှာကြားရာတွင် နယ်စပ်အစွန်အဖျား သွားရေးလာရေးခက်ခဲသည့် ပန်ဆောင်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား လိုအပ်သည်များ ဖြည့်ဆည်းအားပေးရန် မိမိတို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ပန်ဆောင်မြို့မှပြည်သူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် နယ်စပ်ဒေသ၌ နေထိုင်သူများဖြစ်၍ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်တို့ကို မွေးမြူ၍ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပန်ဆောင်ဒေသသည် တစ်ချိန်တွင် စီးပွားကုန်သွယ်မှုကိုအကြောင်းပြု၍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသောဒေသဖြစ်ကြောင်း၊ ဒေသတွင်း စည်းလုံးညီညွတ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အုပ်ချုပ်ရေးခိုင်မာမှု စသည့် အခြေခံလိုအပ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ အစိုးရကွန်ပျူတာကောလိပ် စာသင်ခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချက်များကို တည်ဆောက်ထိန်းသိမ်းထားရမှာဖြစ်ကြောင်း၊ ဤဒေသနှင့်ဆက်စပ်ဆက်သွယ်သည့် ကားလမ်းများကိုလည်း ရာသီမရွေးသွားနိုင်အောင် ဆက်လက်စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပန်ဆောင်မြို့အတွက် လက်ဆောင်ပစ္စည်းများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ပံ့ပိုးငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပန်ဆောင်မြို့မှ ဌာနဆိုင်ရာများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် နန်းယွန်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား ကြည့်ရှုအားပေးကာ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ သွားရောက်၍ တိုင်းရင်းသူများအား စက်ချုပ်သင်တန်း၊

သိုးမွေး စက်ဆွဲသင်တန်းများ သင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေး အားပေးကာ ကျောင်းအုပ်နှင့် ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နန်းယွန်းမြို့ ကိုယ့်အားကိုယ်ကိုးဈေးကို ကြည့်ရှုစစ်ဆေးကြပြီး ဇန္ဒုလခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နန်းယွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်က နန်းယွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နန်းယွန်းမြို့မှ နာဂ တိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

များ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တိုင်းမှူးဗိုလ်ချုပ် အုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် ကချင်ပြည်နယ်အတွင်းရှိ ဝေးလံပြီး ဆက်သွယ်မှုမလွယ်ကူသော နယ်စပ်ဒေသ ခေါင်လန်ဖူးမြို့နှင့် ပန်နန်းဒင်မြို့တို့သို့လည်းကောင်း၊ နောင်မွန်မြို့၊ ဒေါ့ဖုန်းယန်မြို့၊ ဆင်ဘိုမြို့များသို့လည်းကောင်း လှည့်လည်သွားရောက်ပြီး ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာအောင် သွေးရင်းသားရင်း တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းများ မြင့်မားလာအောင် လိုအပ်သည်များကို တိုက်တွန်းမှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း။

ယခုလည်း စစ်ကိုင်းတိုင်းအတွင်းမှ အစွန်အဖျားအကျဆုံးဒေသဖြစ်သည့် နန်းယွန်းမြို့နယ်မှ နယ်စပ်မြို့ ပန်ဆောင်သို့လည်းရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ပန်ဆောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မိမိတို့ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်နံတစ်လျားရှိ ဒေသအသီးသီး မျှတစွာ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးစည်ပင်တိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်း ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဤဒေသများသည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံနှင့် ဆက်စပ်၍ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ အခြေအနေပေးနေသည့် ဒေသများလည်း ဖြစ်ကြောင်း။

တနိုင်းလွင်ပြင်၌ရှိသော မြေသယံ...
လုပ်ငန်းရှင်များလည်း ယခုအခါ စတင်ရေ...
လုပ်မှုသည်လည်း သိသာစွာ တိုးတက်...
နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတေ...
တိုးတက်ဖြစ်ထွန်းရေး၊ ဒေသအသီးသီး...
အဟုန်မပျက် ဆက်လက်ပံ့ပိုး ဆောင်ရွ...
လူမှုရေးအသင်းအဖွဲ့များကလည်း လက်တွဲ...
နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာရေးအ...
ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး...
တိုင်းရင်းသားများအား လက်ဆောင်ပစ္စည်...
ဆေးရုံအတွက် ဆေးပစ္စည်းများ၊ လူမှုရေးအ...
တာဝန်ရှိသူများသို့ ဆက်လက်ပေးအပ်သ...

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်...
မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း...
ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်း...
ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိုး...
စာအုပ်စာစောင်များကို ပေးအပ်ကြသည်...

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေ...
ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထော...
ဝတ်စုံများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်မ...
လာကြသူများအား ရင်းရင်းနှီးနှီး လိုက်...

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင...
မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ မြို့...
စစ်ဆေးကြသည်။

ဆက်လက်၍ ခန်းမဆောင်၌ ဌာန...
ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ...
ရေးအတွက် အဆင့်မြှင့်တင် လုပ်ကိုင်ဆေ...
ရှင်းလင်းပြောကြားကာ လိုအပ်သည်မျ...

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အ...
ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရှင်ဗွေယန်မြို့၌ ဌာနဆိုင်ရာမျ...
ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။

❒ ပန်ဆောင်ဒေသသည် တစ်ချိန်...
ကုန်သွယ်မှုကိုအကြောင်းပြု၍ ...
ရန် အလားအလာရှိသော ဒေသ...
ဒေသတွင်း စည်းလုံးညီညွတ်မှု၊ ...
စိုးမိုးမှု၊ အုပ်ချုပ်ရေးခိုင်မာမှု စ...
လိုအပ်ချက်များကို တည်ဆော...
ထားရမှာဖြစ်ကြောင်း၊ ဤဒေသ...
ဆက်သွယ်သည့် ကားလမ်း...
ရာသီမရွေး သွားနိုင်အောင် ဆ...
ဆောင်ရွက်လျက်ရှိ။

20-10)08.P65 1 32/20/5, 2:52 PM

တနိုင်းလွင်ပြင်၌ရှိသော မြေသယံဇာတများကို ဖော်ထုတ်စိုက်ပျိုးမည့် လုပ်ငန်းရှင်များလည်း ယခုအခါ စတင်ရောက်ရှိလာရာ ဒေသတွင်း ကုန်ထုတ်လုပ်မှုသည်လည်း သိသာစွာ တိုးတက်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေး၊ ဒေသအသီးသီး ဖွံ့ဖြိုးရေးတို့အတွက် အရှိန်အဟုန်မပျက် ဆက်လက်ပံ့ပိုး ဆောင်ရွက်ပေးနေမည်ဖြစ်ရာ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း လက်တွဲညီစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ပူးပေါင်းကြိုးပမ်းသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နန်းယွန်းမြို့မှ နာဂတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ပံ့ပိုးငွေများကို တာဝန်ရှိသူများသို့ ဆက်လက်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး ဦးသောင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့က လက်ဆောင်ပစ္စည်းများ၊ စာအုပ်စာစောင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့သို့ ရောက်ရှိကြပြီး ရေးဦးစွာ မြို့အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ခန်းမဆောင်၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ရှင်ဗွေယန်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်တင် လုပ်ကိုင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် နာဂတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်ဗွေယန်မြို့အတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်ဗွေယန်မြို့ အခြေခံပညာ အလယ်တန်းကျောင်း အဆောက်အအုံနှင့် ဆောက်လုပ်ဆဲကျောင်းဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တနိုင်းမြို့သို့ ထွက်ခွာခဲ့ကြပြီး ဟူးကောင်းခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် ကျန်းမာရေး၊ပညာရေးဆိုင်ရာ တာဝန်ခံများက ဒေသအခြေအနေများ၊ ပညာရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး ကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က ခုတင်(၅၀)ဆံ့ ဆေးရုံ၌ ဓာတ်မှန်စက်၊ သွားစိုက်ခုံ၊ ခုတင်စသည့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ကောင်းရေး၊ ကျောင်းသား၊ ကျောင်းသူများအား စာတတ်မြောက်အောင် သင်ကြားရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် လိုက်လျောညီထွေရှိသည့် ထက်မြက်သော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် အစဉ်အမြဲ ပြုစုအားထုတ်ရေး၊ ဒေသခံပြည်သူများအား အုပ်ချုပ်မှုအရ၊ တရားဥပဒေအရ ကာကွယ်စောင့်ရှောက်ရေးကိစ္စများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် တနိုင်းမြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေးအား ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့နယ် နန်ဖြတ်ဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ယုဇန ဘက်စုံစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က မိမိတို့ကုမ္ပဏီအနေဖြင့် တနိုင်းမြို့နယ်ရှိ မြေလွတ်မြေရိုင်းများ၌ ကြံ၊ ပီလောပီနံနှင့် ဒေသနှင့်ကိုက်ညီသည့် အခြားသီးနှံများကို နှစ်တိုကာလအတွင်း အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနိုင်ရေး ရည်ရွယ်၍ ဤစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းကို တနိုင်းမြို့နယ် မြစ်ကြီးနား-တနိုင်း ကားလမ်း ဝဲ/ယာ တစ်လျှောက်ရှိ မြေလွတ်မြေရိုင်းဧက နှစ်သိန်း၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြံနှင့် ပီလောပီနံတို့မှ ကုန်ချောထုတ်လုပ်နိုင်ရေးအတွက် အက်သနောစက်ရုံ၊ သကြားစက်ရုံ၊ ပီလောပီနံ ကော်မှုန့်စက်ရုံတို့ကို အဆင့်လိုက် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ မြေယာရှင်းလင်းခြင်းလုပ်ငန်းများကို ၂၀၀၆ခုနှစ် စက်တင်ဘာလလယ်မှ စတင် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မှာကြားရာတွင် **ရေနံ၊ ကျောက်မီးသွေး စသည့် လောင်စာများသည် နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ ထုတ်ယူသုံးစွဲမှုများလာသည်နှင့်အမျှ ပြန်လည်ဖြည့်ဆည်း၍မရသော ကုန်ခန်းလွယ်သည့် လောင်စာများဖြစ်ကြောင်း။**

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ယင်းသမားရိုးကျလောင်စာအစား ပြန်လည်ဖြည့်ဆည်းရနိုင်သည့် လောင်စာများကို အစားထိုး သုံးစွဲနိုင်ရေးအတွက် နိုင်ငံအလိုက် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြံဆ ဆောင်ရွက်လျက်ရှိကြကြောင်း။

အထူးသဖြင့် လယ်ယာသီးနှံများကို အခြေခံသည့် ဇီဝလောင်စာဆီကို ကျယ်ကျယ်ပြန့်ပြန့် အစားထိုး သုံးစွဲလာလျက်ရှိကြကြောင်း၊ ပြောင်း၊ ကြံ၊ ပဲပုပ်၊ နေကြာ၊ ကြက်ဆူစေ့၊ မုန်ညင်းတို့ကို အသုံးပြု၍ ထုတ်လုပ်လျက်ရှိကြကြောင်း။

မိမိတို့နိုင်ငံ၏ အခြေအနေအရ လွယ်လင့်တကူ စိုက်ပျိုးဖြစ်ထွန်းလွယ်သော ခါစည်းရိုးကြက်ဆူကို လူထုလှုပ်ရှားမှုပုံစံမျိုးဖြင့် စိုက်ပျိုး၍ ဇီဝဒီဇယ်ဆီကို ထုတ်လုပ်အသုံးပြုရန် အင်တိုက်အားတိုက် စီမံလျက်ရှိကြောင်း။

ယုဇနကုမ္ပဏီက ဆောင်ရွက်မည့် ဘက်စုံစိုက်ပျိုးရေးစီမံကိန်းသည် အစားထိုးလောင်စာဖြစ်သည့် အက်သနောကို ဓာတ်ဆီနှင့်ရောစပ်သော Gasohol ရရှိရေး စီမံကိန်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့် စီမံကိန်းဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် ရေသယံဇာတ၊မြေသယံဇာတ စသည့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် ပြည်နယ်ဖြစ်ရာ ယင်းသဘာဝအရင်းအမြစ်များ၌ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းရှင်များအား ထာဝစဉ် ဖိတ်ခေါ်ခဲ့ကြောင်း၊ ယခုအခါ ယုဇနကုမ္ပဏီသည် မိမိအကျိုးရော နိုင်ငံတော်အကျိုးပါဖြစ်ထွန်းမည့် ဤဘက်စုံစိုက်ပျိုးရေးစီမံကိန်းကို ယုံကြည်ချက်ရှိရှိဖြင့် စနစ်တကျ ရင်းနှီးမြှုပ်နှံဆောင်ရွက်လာခြင်းဖြစ်ရာ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အားပေးကူညီသွားကြရမည်ဖြစ်ကြောင်း၊ အခြားလုပ်ငန်းရှင်များလည်း ဤစီမံကိန်းကဲ့သို့ ကုန်ထုတ်လုပ်ငန်းကြီးများ၌ ပါဝင်ရင်းနှီးမြှုပ်နှံလာအောင် ဖိတ်ခေါ်စည်းရုံးသွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ယာဉ်ယန္တရားများ စုဆောင်းထားမှု၊ အကြိုစီမံကိန်း လုပ်ငန်းဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သီလဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

...င်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ... ဗိုလ်ချုပ်ကြီးစိုးဝင်း ရှင်ဗွေယန်မြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ...မှာစကားပြောကြားစဉ်။

(သတင်းစဉ်)

...င်ဒေသသည် တစ်ချိန်တွင် စီးပွား ...ပ်မှုကိုအကြောင်းပြု၍ ဖွံ့ဖြိုးတိုးတက် ...ားအလာရှိသော ဒေသဖြစ်ကြောင်း၊ ...င်း စည်းလုံးညီညွတ်မှု၊ တရားဥပဒေ ...အုပ်ချုပ်ရေးခိုင်မာမှု စသည့် အခြေခံ ...ျက်များကို တည်ဆောက်ထိန်းသိမ်း ...ဖြစ်ကြောင်း၊ ဤဒေသနှင့် ဆက်စပ် ...ယ်သည့် ကားလမ်းများကိုလည်း ...ရွှေး သွားနိုင်အောင် ဆက်လက် စီမံ ...ွက်လျက်ရှိ။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း နန်းယွန်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ပအိုဝ်းအမျိုးသားဓမ္မာရုံ ကထိန်သင်္ကန်းကပ်မည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက် တောင်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမ(အဂ္ဂမဟာပဏ္ဍိတ)အား အမှူးထား၍ ဗဟန်းမြို့နယ် ဗဟန်း(၁)လမ်းရှိ ပအိုဝ်းအမျိုးသားဓမ္မာရုံတွင် အောက်တိုဘာ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပအိုဝ်းဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းမှ သံဃာတော်များအား (၁၃)ကြိမ်မြောက် စုပေါင်းကထိန်သင်္ကန်း ကပ်လှူမည်ဖြစ်ပါ၍ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း-၃၈၀၈၉၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ	ချောက်	တောင်တွင်းကြီး
၁၉-၁၀-၂၀၀၆	၀ ဒသမ ၉၁ လက်မ	၀ ဒသမ ၂၀ လက်မ

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဝေဿန္တရာ ဇာတ်တော်ကြီး ပြိုင်ပွဲတွင် မန္တလေးတိုင်းကိုယ်စားပြု ပန်တျာဝေယံဦးနှင့်အဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မန္တလေးတိုင်း ကိုယ်စားပြု ပန်တျာဝေယံဦးနှင့်အဖွဲ့ ဝေဿန္တရာ ဇာတ်တော်ကြီး ယှဉ်ပြိုင် တင်ဆက်

နေပြည်တော် အောက်တိုဘာ ၁၉

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝေဿန္တရာဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ စတုတ္ထနေ့အဖြစ် ယှဉ်ပြိုင်ကြရာ မန္တလေးတိုင်းကိုယ်စားပြု ပန်တျာဝေယံဦးနှင့်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်သည်။

တစ်ခဲနက် လာရောက်ကြည့်ရှုအားပေး

အဆိုပါ ဝေဿန္တရာဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ (၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်သို့ လေ့လာရေးရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းမိသားစုများ၊ ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာများမှ ဒေသခံပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပြိုင်ပွဲအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သွင်၊ အတွင်းရေးမှူး ဦးတင်ထွန်းဦးနှင့် အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဖျော်ဖြေတင်ဆက်

အဆိုပါပြိုင်ပွဲ၌ ဝေဿန္တရာမင်းကြီးအဖြစ် ပန်တျာဝေယံဦး၊ မဒ္ဒီဒေဝီအဖြစ် မဇာနည်အောင်၊ စူဇကာပုဏ္ဏားအဖြစ် ဦးတိုင်းချစ်၊ ဇာလီအဖြစ် စိုးမင်းအောင်၊ ကဏှာအဖြစ် ဖူးဝေသာ၊ သိဥ္စည်းမင်းကြီးအဖြစ် ဦးနန်းဝေ၊ ဖုသတီမိဖုရားအဖြစ် ဒေါ်သာစည်ခိုင်တို့က သရုပ်ဆောင်ကြပြီး ဒါနပါရမီ၊ မေတ္တာပါရမီ၊ ခန္တီပါရမီစသည့် ဘုရားအလောင်းတော်တို့ ကျင့်ကြံအပ်သော ပါရမီအသွယ်သွယ်တို့ကို မဆုတ်မနစ်သော ဝီရိယရှေ့ဆောင်မှုဖြင့် ဖြည့်ဆည်းကျင့်ကြံ အားထုတ်ခဲ့သည့် ဝေဿန္တရာမင်းကြီး၏ မြင့်မြတ်တည်ကြည်သည့် စိတ်ဓာတ်၊ ယနေ့ထက်တိုင် မြန်မာအမျိုးသမီးများအပေါ် ဩဇာလွှမ်းမိုးဆဲဖြစ်သည့် မဒ္ဒီဒေဝီမိဖုရား၏ ပါရမီဖြည့်ဖက်အပေါ် စိတ်ဓာတ် ခံယူချက်နှင့် သစ္စာတရားနက်ရှိုင်းတည်ကြည်မှုတို့ကို အဖွဲ့သူ၊ အဖွဲ့သားများက ကျရာအခန်းကဏ္ဍများမှ နေ၍ ဇာတ်တော်ကြီး၏ အနှစ်သရုပ်ကို စ၊လယ်၊ဆုံး ရှုမငြီးဖွယ် ဖျော်ဖြေတင်ဆက်သွားသည်။

အောက်တိုဘာ ၂၀ ရက်တွင် မကွေးတိုင်းမှ ကျော်စိုးမင်းနှင့်အဖွဲ့က ယှဉ်ပြိုင် တင်ဆက်သွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြကြောင်းနှင့်သွားလာရေးလွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာက မော်တော်ယာဉ်များ စီစဉ်ထားရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

❀ (၁၄)ကြိမ်မြောက်မှ

များသို့ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစုများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ ရေဆင်းရှိ တက္ကသိုလ်နယ်မြေတို့မှ ဝန်ထမ်းမိသားစုများ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ရမည်းသင်းဒေသတို့မှ ပြည်သူများ နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဂီတအဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး အနုပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးကျော်ဆွေ၊ တွဲဖက်အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် မဟာဂီတ အဆိုအကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ လက်ယာသပြေ(ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ဦးနှင့် မောင်ဇေယျာပြည့်ဖြိုး၊ ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်၊ မန္တလေးတိုင်းမှ မောင်ရာဇာတင်အေး၊ ပဲခူးတိုင်းမှ မောင်ကြာခိုင်၊ ကရင်ပြည်နယ်မှ စောအဲခလိန်း(ခ) စောကျော်စိုးဦး၊ ဧရာဝတီတိုင်းမှ မောင်ချမ်းမြေ့သူနှင့် စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၅-၁၀) နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မှိုင်းရိပ်ကယ်တည့် (ကြိုး)သီချင်းဖြင့် မွန်ပြည်နယ်မှ မပန်းအိစံ၊ မန္တလေးတိုင်းမှ မချယ်ရီလင်း၊ ပဲခူးတိုင်းမှ မနန္ဒာလွင်၊ ရန်ကုန်တိုင်းမှ မမြတ်ဘုန်းမိုလင်း၊ မန္တလေးတိုင်းမှ မနှင်းထက်ထက်လွင်၊ ကရင်ပြည်နယ်မှ မနန်းသစ္စာလှိုင်၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ စစ်ကိုင်းတိုင်းမှ မအိမ့်ကြာဖြူ၊ ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း၊ ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုး၊ ကချင်ပြည်နယ်မှ မသက်ထားဖူး၊ မကွေးတိုင်းမှ မသန့်သန့်သီတာ၊ ဧရာဝတီတိုင်းမှ မရည်မွန်သန့်နှင့် ရန်ကုန်တိုင်းမှ မသင်းသီတာအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

အလားတူ ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ပဉ္စမမြောက်နေ့အဖြစ် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပ ရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားလက်ထောက် ညွှန်ကြားရေးမှူး(ဂီတ) (အငြိမ်းစား) တေးသံရှင် ဒေါ်တင်တင်မြ၊ တွဲဖက်အတွင်းရေးမှူး အနုပညာရှင်(၁) ဒေါ်မေသက်တင်၊ တေးသံရှင်မေဘရဏီခိုင်နှင့် ကာလပေါ်တေး အဆိုအကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးကာလပေါ်တေး အဆိုပြိုင်ပွဲတွင် နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးပြီး တေးသံရှင်ရီရီသန့် သီဆိုသည့် "မြိုင်"သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဒေါ်တင်တင်စန်း၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်ယဉ်ယဉ်ထွန်း(မြဝတီ)၊ မွန်ပြည်နယ်မှ ဒေါ်ရွှေစင်လှိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်စုမွန်၊ ပဲခူးတိုင်းမှ ဒေါ်နန်းယုချို၊ မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင်နှင့် မြန်မာမလေး ဒေါ်သပြေတို့က သီဆိုယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် (အမျိုးသား) ကာလပေါ်တေးအဆိုပြိုင်ပွဲတွင် ကိုလေးလွင် ရေးစပ်သီကုံးပြီး တေးသံရှင် သန်းထွန်း လေးသီဆိုသည့် "မမေ့သောအညာ"သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်ကျော်ဇင်နိုင်၊ မကွေးတိုင်းမှ မောင်အံ့သြရ၊ ပဲခူးတိုင်းမှ မောင်ဆန်းဝင်းအောင်၊ ကချင်ပြည်နယ်မှ မောင်ဇေယျာပိုင်၊ ကရင်ပြည်နယ်မှ မောင်မင်းညီညီလွင်၊ ရှမ်းပြည်နယ်မှ မောင်ဟိန်းထက်၊ ရခိုင်ပြည်နယ်မှ မောင်နေရဲ၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ မန္တလေးတိုင်းမှ မောင်အားမာန်ကျော်၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဦး၊ မွန်ပြည်နယ်မှ မောင်ချစ်မင်းဇော်၊ ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပဉ္စမနေ့ အဆိုပြိုင်ပွဲအစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်တျာကျောင်း(ရန်ကုန်)မှ ကျောင်းအုပ် ဒေါ်မူမူခင်၊ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာန (မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်းနှင့် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ ယှဉ်ပြိုင်ကြရာတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားအကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးမင်းနိုင်စိုး၊ စစ်ကိုင်းတိုင်းမှ ဦးစိန်ဝင်းကြိုင်၊ မန္တလေးတိုင်းမှ ဦးမျိုးမင်းထွန်း(ခ) ထာဝရမျိုးလေး၊ ရန်ကုန်တိုင်းမှ မောင်အောင်အောင် (ခ) အောင်မိုးဝင်း၊ ရန်ကုန်တိုင်းမှ ဦးဝင်းသန်း(ခ)ရဲဝင်းနိုင်၊ မန္တလေးတိုင်းမှ ဦးချမ်းချမ်းမိုး၊ မကွေးတိုင်းမှ ဦးကိုကိုနိုင်၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်(ခ)ချစ်စိုးလင်းတို့က ဆိုင်းဝိုင်းကြီးဖြင့် အဖွဲ့လိုက်တွဲဖက်၍ ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးအကပြိုင်ပွဲကို ကျင်းပရာ ဧရာဝတီတိုင်းမှ ဒေါ်အိခိုင်စိုး၊ ရှမ်းပြည်နယ်မှ ဒေါ်ရတနာစစ်၊ ပဲခူးတိုင်းမှ ဒေါ်ယုယုခင်၊ မန္တလေးတိုင်းမှ ဒေါ်စိုးနန္ဒာအိုင်၊ ရန်ကုန်တိုင်းမှ မဝင့်ဝါခိုင်၊ မကွေးတိုင်းမှ မချောအိနန္ဒာ၊ မန္တလေးတိုင်းမှ ဒေါ်သက်ထားဇင်၊ ကရင်ပြည်နယ်မှ ဒေါ်နန်းဝါဝါဝင်း၊ ကချင်ပြည်နယ်မှ မဝင်းဝင်းအေး၊ စစ်ကိုင်းတိုင်းမှ ဒေါ်ရွှေသိင်္ဂီမော်၊ ရန်ကုန်တိုင်းမှ မဟန်နွေငြိမ်းနှင့် မွန်ပြည်နယ်မှ မနှင်းဝတ်ရည်ခင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာန စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အိုးစည်နှင့် ဒိုးပတ် အကဲဖြတ်အမှတ်ပေး အဖွဲ့ခေါင်းဆောင် ဦးစိန်ကုလား(ခ)ဦးအောင်ဝမ်းတူး၊ အနုပညာဦးစီးဌာနမှ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်နွယ်နွယ်စိုးတို့နှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား) အိုးစည်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ညွှန့်အောင်(ခ) ညိုချောအဖွဲ့၊ စစ်ကိုင်းတိုင်းမှ စိန်မိုက်တီးအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်မိုးနိုင်အောင်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်မျိုးသူအဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းပြိုင်ပွဲဝင်အစီအစဉ်ကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅-၂၀) နှစ် (အမျိုးသား) အိုးစည်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဖြိုးမင်းစိုး (ခ) မင်းထက်အောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦးအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မောင်ဖြိုးကိုကိုအဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တော သုတေသနဌာန၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ် ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးနီနီနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐



အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မစန်းနီလာငြိမ်း ပြိုင်ပွဲဝင်စဉ်။

(သတင်းစဉ်)

✳ အမျိုးသားညီလာခံမှ

အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျ သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထား တင်ပြချက်စာတမ်းကို သဘာပတိအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့တင်သွင်းရန် အလှည့်ကျသဘာပတိက တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထားကိုရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ မိနစ် ၄၀တွင် ရုပ်သိမ်းလိုက်သည်။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်)ဦးထေးရယ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်းမှ ဦးကြည်တင့်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦးရှိသည့်အနက် ကိုယ်စားလှယ် ၉၂ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၂ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ မကွေးတိုင်းမှ ဦးတင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဦးမြအေးနှင့် ဧရာဝတီတိုင်းမှ ဦးကြည်တင့်တို့က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်း တင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြပြီး အလှည့်ကျသဘာပတိက တက်ရောက်လာကြသူများ၏ဆန္ဒသဘောထား ရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ဦးတင်မောင်ကျော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ ၂၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်နှင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစော အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦးရှိသည့်အနက် ကိုယ်စားလှယ် ၅၄ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၄၃ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အလှည့်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်း တင်ပြချက်အနက် သီးခြားအကြံပြုချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းကို အမျိုးသားညီလာခံကိုယ်စားလှယ် ဆေးတက္ကသိုလ်(၁) (ရန်ကုန်)မှ ဌာနမှူး ဒေါ်ခင်မိမိထွန်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက် စာတမ်းကို တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ ၂၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

❒ စာမျက်နှာ ၁၀ မှ

ပြိုင်ပွဲကိုကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် "ဇာတိအာဏာ" (ယိုးဒယား)ဖြင့် မန္တလေးတိုင်းမှ ဦးအောင်သက်ထွဏ်း၊ ရခိုင်ပြည်နယ်မှ ဦးမောင်စိုးသိန်း၊ ရန်ကုန်တိုင်းမှ မြန်မာပြည် လှိုင်မင်းနှင့် ဦးတင့်ခိုင်၊ မကွေးတိုင်းမှ ဦးကျော်ငွေးနှင့် ဧရာဝတီတိုင်းမှ ဦးမြင့်အောင်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ "ကန္တာတောခြေ" (ယိုးဒယား)သီးချင်းဖြင့် ရန်ကုန်တိုင်းမှ မဝတ်ရည်ရွှန်း၊ ပဲခူးတိုင်းမှ မနှင်းအိလွင်၊ ဧရာဝတီတိုင်းမှ မသီရိမြတ်ဆု၊ တနင်္သာရီတိုင်းမှ မအဥ္ဇာမိုး၊ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုး၊ မန္တလေးတိုင်းမှ မရတနာစု၊ ရန်ကုန်တိုင်းမှ မဖူးငုံကျော်၊ ကချင်ပြည်နယ်မှ မကျော်ဆိုင်းဇင်၊ ကယားပြည်နယ်မှ မနော်ရွှေရည်ဦးနှင့် မန္တလေးတိုင်းမှ မစုနန္ဒီဝင်းထွန်းတို့ ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲကို နံနက် ၉နာရီတွင်စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအဖွဲ့ခေါင်းဆောင် မလှိုင်ဦးသန်းထွန်းနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ကျင်းပရာ၌ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ထွေတလာ (ကြိုး)သီချင်းဖြင့်ပဲခူးတိုင်းမှမောင်ကိုကိုချစ်၊ မန္တလေးတိုင်းမှ မောင်အောင်ဇော်ပိုင်၊ မကွေးတိုင်းမှ မောင်ရဲရင့်သူ (ခ) ဝေယံဦး၊ ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်၊ မန္တလေးတိုင်းမှ မောင်သိန်းထွန်း၊ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူ၊ ချင်းပြည်နယ်မှ မောင်ဟိန်းမင်းကိုနှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲ၏ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားတယောပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ အတီးအဖွဲ့ခေါင်းဆောင် ဦးတင်ငွေနှင့် အဖွဲ့က အကဲဖြတ်အမှတ်ပေးကြပြီး ဒီပါအေးမြ (ပတ်ပျိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးဘသက်၊ မန္တလေးတိုင်းမှ ဦးသန့်ဇော်၊ ကချင်ပြည်နယ်မှ ဦးကြည်မောင်၊ ရခိုင်ပြည်နယ်မှ ဦးသန်းထွန်းအောင်၊ ရန်ကုန်တိုင်းမှ ဦးဘခက်၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ရင်နှင့် မန္တလေးတိုင်းမှ ဦးတင်ဝင်းတို့က ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး တယောပြိုင်ပွဲတွင် ကောက်စိုက်မ (ကာလပေါ်)တေးသီချင်းဖြင့် မန္တလေးတိုင်းမှ မရတနာစွမ်းထက်ကျော်၊ ရန်ကုန်တိုင်းမှ မစပယ်ဖူး၊ ရန်ကုန်တိုင်းမှ မခင်သီရိလွင်၊ ကချင်ပြည်နယ်မှ မအေးလင်းသူ၊ ရှမ်းပြည်နယ်မှ မမြတ်မွန်ကိုကိုတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး တယောပြိုင်ပွဲတွင် ပန်းရည်ဘဏ်တိုက် (ကာလပေါ်) တေးသီချင်းဖြင့် မွန်ပြည်နယ်မှ မလရိပ်ဖြာနှင့် မန္တလေးတိုင်းမှ မရွှေရည်လင်းတို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြိုင်ပွဲအစီအစဉ်များကို နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ အောက်တိုဘာ ၂၀ရက် နံနက် ၉နာရီတွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ပုလဲအတွဲများကို ပြည်တွင်း ပြည်ပသတင်းစာဆရာများ အောက်တိုဘာ ၁၉ရက်က ကြည့်ရှုလေ့လာကြစဉ်။ (သတင်း-ကျော) (သတင်းစဉ်)

ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ အရေးကိစ္စကို စွက်ဖက်နေခြင်းသည် မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသည့် အခြေအနေကောင်းများကို အဟန့်အတားဖြစ် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ရောက်ရှိရန် ဆောင်ရွက်မှုကို ဖျက်ဆီးနေသည်ဟု ယူဆ

နေပြည်တော် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မုံးဟင်း၊ မုံးဟ ပြည်သူ့စစ်အဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မုံးဟင်း၊ မုံးဟ ပြည်သူ့စစ်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၀၆)

၁။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝ၍ အေးချမ်းသာယာမှုကို ဝင်ရောက်စွက်ဖက် ဖျက်ဆီးနိုင်ရန်အတွက် ပြည်တွင်းပြည်ပ အဖျက်သမားများ၊ ပြည်ပအားကိုး ပုဆိန်ရိုးများအား အသုံးချ၍ အစဉ်တစိုက်ကြိုးပမ်းလျက်ရှိပါသည်။ ယခုတစ်ဖန် အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေ ခေါင်းစဉ်ဖြင့် ဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုသို့ပြုလုပ်ခြင်းသည် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏အရေးကိစ္စကို ဝင်ရောက်စွက်ဖက်နေခြင်းမှာ တည်ငြိမ်အေးချမ်းနေပြီဖြစ်သော မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသည့် အခြေအနေကောင်းများကို အဟန့်အတားဖြစ်စေခြင်း၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်းနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ ရောက်ရှိရန် ဆောင်ရွက်မှုမှန်သမျှကို ဖျက်လိုဖျက်ဆီးဆောင်ရွက်နေသည်ဟု ယူဆပါသည်။

၃။ ယခုအခါနိုင်ငံတော်အစိုးရသည် ပြည်သူလူထု လိုလားတောင့်တသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင်ရန်အတွက် လိုအပ်သောအခြေခံကောင်းများဖြစ်သည့် ဥပဒေစိုးမိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အသိပညာ ဗဟုသုတပြည့်ဝစေရန်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသဖြင့် တိုးတက်မှုအများအပြားရရှိနေပြီး အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်သောအခြေခံကောင်းများကို ခိုင်ခိုင်မာမာချမှတ်နိုင်ခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို မည်သို့မျှထိခိုက်လာစရာအကြောင်းမရှိပါ။

၄။ ထို့ကြောင့် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေခြင်း၊ ပြည်တွင်းရှိပြည်သူလူထု၏ စားဝတ်နေရေးကျပ်တည်းအောင် လုပ်ဆောင်ခြင်းတို့သည် ကုလသမဂ္ဂ၏ အခြေခံမူများ၊ ပဋိညာဉ်များ၊ ကြေညာချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိ၍ အမေရိကန်၏ လုပ်ဆောင်ချက်များကို မုံးဟင်း၊ မုံးဟ ပြည်သူ့စစ်အဖွဲ့အနေဖြင့် လက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဦးလောမား
ဥက္ကဋ္ဌ
မုံးဟပြည်သူ့စစ်အဖွဲ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွား မှတ်တမ်း(အပိုင်း-၂)
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	Myanmar Video Rhythm
၈:၁၅	ပြည်တွင်းသတင်းအကျဉ်း
၈:၂၅	ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	(၁၅)နှစ်မြောက် အာဆီယံ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ဂူရှုသရုပ်ပြပွဲ(အပိုင်း-၂)
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	စားလို့ကောင်းမည့် ကောက်ရိုးမှိုခြောက်
၉:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	Midweek Sports News
၉:၅၀	မိုးလေဝသခန့်မှန်းချက်
၉:၅၅	လက်တွေ့အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ရောဝတီတိုင်း)
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ကိုယ်ခန္ဓာကျန်းမာလှပဖို့ ကိုယ်ကာယကစားစို့ (မယ်မြန်မာ ပြိုင်ပွဲဝင်ချိုနှင့်တွေ့ဆုံခြင်း)
၁၀:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅	ထုထည်ကြီးမား ထင်ရှားကေန်ဓမ္မရုံ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်(စ်)ကိုသုံးကြစို့
၁၁:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅	ဆုရအက
၁၁:၃၀	အိုးထိန်းသည် (ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊မြင့်မြင့်ခိုင်၊ ဦးစောနိုင်-ရှမ်းပြည်၊ အိဖြူစိုး) (ဒါရိုက်တာ-ခင်ဇော်)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မိုက်တီးလေးများ ဒုတိယပိုင်းရုံတင်

ရန်ကုန် အောက်တိုဘာ ၁၉

ယခုသောကြာပတ် အောက်တိုဘာ ၂၀ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် မိုက်တီးလေးများ ဒုတိယပိုင်း ဇာတ်သိမ်း ရုံတင်ပြသမည်ဖြစ်သည်။

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ ဒါရိုက်တာ မိုက်တီး ရိုက်ကူးသည့် မိုက်တီးလေးများ ဇာတ်ကားမှာ ပထမပိုင်း၊ ဒုတိယပိုင်း နှစ်ပိုင်းခွဲခြား ရိုက်ကူးထားခြင်းဖြစ်ပြီး ယခုပြသမည့်ဇာတ်ကားမှာ ဒုတိယပိုင်း (ဇာတ်သိမ်းပိုင်း) ဖြစ်သည်။ ပထမပိုင်းကို ကြည့်ရှုထားကြသည့် ရုပ်ရှင်ချစ်ပရိသတ်များ၊ ဇာတ်သိမ်းပိုင်းကို စိတ်ဝင်တစား မျှော်လင့်နေကြသူများ၏ ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် ပထမပိုင်းပြသအပြီးမှာပင် ယခု ဒုတိယပိုင်း(ဇာတ်သိမ်းပိုင်း)ကို ဆက်လက်ပြသခြင်းဖြစ်သည်။ လွင်မိုး၊ လူမင်း၊ ရာဇာနေဝင်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ ဒေါ်နွဲ့နွဲ့မူနှင့် ဒေါ်နွဲ့နွဲ့စန်းတို့ ခေါင်းဆောင် ပါဝင်ထားကြပြီး သမ္မတ၊သွင်နှင့် မင်္ဂလာရုံ သုံးရုံတစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

ပထမပိုင်း

ရွှေ့ဆောင်ရုံတွင် မိုက်တီးလေးများ ပထမပိုင်းမကြည့်ရသေးသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် မိုက်တီးလေးများ ပထမပိုင်းကို ဆက်လက်ပြသသွားမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ဒါရိုက်တာ Gore Verbinsky ရိုက်ကူးသည့် Pirates of the Caribbean ဇာတ်ကားပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ ပင်လယ်ဓားပြဇာတ်လမ်းဖြစ်သော်လည်း ပရိသတ်စိတ်ဝင်စားမှု ပိုမိုရရှိစေရန် ဂမ္ဘီရပညာရပ်များနှင့် လျှို့ဝှက်သည်းဖို ဇာတ်လမ်းကို ရောစွက်၍ ရိုက်ကူးထားသည့် ဇာတ်ကြမ်းကားတစ်ကားဖြစ်သည်။

ရွှေဂုန်အဆင့်မြင့်ရုပ်ရှင်ရုံ အပေါ်ထပ်တွင် နာမည်ကြီးကောင်းဘွိုင်သေနတ်ပစ် ဇာတ်ကားဖြစ်သည့် Young Guns ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ရွှေဂုန်အဆင့်မြင့်ရုပ်ရှင်ရုံ မြေညီထပ်တွင် အိန္ဒိယရုပ်ရှင်လောကတွင် ထူးထူးခြားခြား အကယ်ဒမီ ရှစ်ဆုနှင့် အကောင်းဆုံးဆုများရရှိခဲ့ပြီး ရက်ပေါင်း ၁၀၀ ဝင်ငွေစံချိန်တင်ရရှိခဲ့သော Kuch Kuch Hota Hai ဇာတ်ကားနှင့် မြို့မရုပ်ရှင်ရုံတွင် မြန်မာနိုင်ငံရှိ မည်သည့်ရုံတွင်မှ ပြသဖူးခြင်းမရှိသေးသည့် Koyn Ki ဇာတ်ကားပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီးသရုပ်ဆောင် ဆူနီးရှက်တီး ပါဝင်သရုပ်ဆောင်ထားပြီး စိတ်ရောဂါဝေဒနာရှင်တစ်ဦး၏ ဘဝဇာတ်လမ်းကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

(ကြေးမုံ)

မိုက်တီးလေးများ ဒုတိယပိုင်း ဇာတ်သိမ်းခန်းမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

အင်တာနက်အားကစားသတင်းများ

ချန်ပီယံဆုဖလားရရန် စီရော်နယ်လ်ဒို မျှော်လင့်

မန်ချက်စတာ အောက်တိုဘာ ၁၉

မိမိ၏ ကိုယ်ပိုင်ကစားဟန်အရရော၊ အသင်း၏ ကိုယ်ပိုင်ကစားကွက်အရပါ တိုးတက်စေလျက် လက်ရှိဘောလုံးရာသီတွင် တာထွက်ကောင်းထားသော မိမိတို့၏အသင်းကို ခိုင်မာအောင် တည်ဆောက်ကာ ချန်ပီယံဆုဖလားရရှိသည့် အသင်းဖြစ်လာရန် မျှော်မှန်းကြောင်း မန်ချက်စတာယူနိုက်တက်အသင်း၏ လူငယ်ဘောလုံးသမား ခရစ္စတီယာနိုရော်နယ်လ်ဒိုက ပြောကြားသည်။

လက်ရှိ ဘောလုံးရာသီသည် မိမိတို့၏ အသင်းအတွက် အလွန်အရေးကြီးကြောင်း ပေါ်တူဂီလက်ရွေးစင်အသင်းမှ ဘောလုံးသမားလည်းဖြစ်သူ စီရော်နယ်လ်ဒိုက ပြောကြားသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ခြေစွမ်းပြကစားလျက်ရှိပြီး မိမိမှာလည်း ပျော်ရွှင်တက်ကြွလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိ ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဆုဖလားကိုရော၊ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဆုဖလားကိုပါ မန်ချက်စတာယူနိုက်တက်အသင်း ရရှိရန် မိမိမျှော်မှန်းကြောင်း စီရော်နယ်လ်ဒိုက ပြောကြားသည်။

အင်တာနက်

ဂိုးသမား ဘားသက်ဇ်အား ခေါ်ယူရန် ဆွေးနွေးနေသည်ဆိုမှု ချယ်လ်ဆီးမန်နေဂျာ ငြင်းဆို

လန်ဒန် အောက်တိုဘာ ၁၉

မန်ချက်စတာယူနိုက်တက်အသင်း၏ ဂိုးသမားဟောင်း ဖာဘီယန်ဘားသက်ဇ်အား ခေါ်ယူနိုင်ရန် ဆွေးနွေးမှုများရှိနေသည်ဆိုသော သတင်းများမှာ မှန်ကန်ခြင်းမရှိကြောင်း ချယ်လ်ဆီးအသင်း မန်နေဂျာ ဟိုဆေးမော်ရင်ညိုက အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

ပြီးခဲ့သော စနေနေ့က ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဂိုးသမားပီတာချက် ဦးခေါင်းဒဏ်ရာရရှိခဲ့သဖြင့် လပေါင်းအတန်ကြာ အနားယူရချိန်အတွင်း ဂိုးသမားတစ်ဦးရရှိရန် ချယ်လ်ဆီးအသင်းက ကြိုးပမ်းလျက်ရှိသည်။

သို့ရာတွင် ဘားသက်ဇ်အား ခေါ်ယူရေးအတွက် ဆွေးနွေးမှုများမရှိကြောင်း မော်ရင်ညိုက ပြောကြားသည်။

ပြင်သစ်အသင်း၏ လက်ရွေးစင်ဂိုးသမားဟောင်း ဘားသက်ဇ်သည် နိုင်ငံတကာပွဲများတွင် ဘောလုံးကစားခြင်းမှ အနားယူပြီဖြစ်ကြောင်း မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့သည်။ သို့ရာတွင် တစ်သီးပုဂ္ဂလ ဘောလုံးသမားအဖြစ် အသင်းတစ်သင်းသို့ လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

အင်တာနက်

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ရလဒ်များ

လန်ဒန် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပသော ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ) ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ၏ အုပ်စုအဆင့် ရလဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘော်ဒိုး	(၀-၁)	**လီဗာပူး**
ချယ်လ်ဆီး	(၁-၀)	**ဘာစီလိုနာ**
ဂလာတာဆာရေး	(၁-၂)	**ပီအက်စ်ဗွီ**
အင်တာမီလန်	(၂-၁)	**စပါးတပ်မော်စကို**
အိုလံပီယာ	(၀-၁)	**ရိုးမား**
စပို့တင်း	(၀-၁)	**ဘေယန်မြူးနစ်**
ဗလင်စီယာ	(၂-၀)	**ရှက်တာ**
ဝါဒါဘရီမင်	(၂-၀)	**လက်ဗ်စကီး**

အင်တာနက်

လှော်ကားဥယျာဉ် ဒီပါဝလီနေ့ ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၉

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို အောက်တိုဘာ ၂၁ ရက် (ဒီပါဝလီနေ့)တွင် အများပြည်သူများပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူ လှေ့လာနိုင်ရန်အတွက် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာယများတဲ့ အရွယ်လွန်မှုန်တိုင်း

ကျူးပစ်(ဒ်)၏ ရင်ခွင့်မြား

မျက်ဝန်းတဗျာ

ဖခင်အမည်မှန်

အထက(၂) ဗိုလ်တထောင် ဒသမတန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်နေလဝင်းနှင့် မစန္ဒာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းစုန်း ဖြစ်ပါကြောင်း။ **ဦးစိုင်းစုန်း**

[၁၃/တခလ(နိုင်)၀၂၀၄၅၆]

El Dorado

162, 36th (mid), Kyauktada, Yangon.

Ph: 381217, 381334

VCD/ DVD

Active& Fresh Course

၃၀/၁၀/၀၆ Mon-Thurs

Tape, VCD, DVD

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သမီးလေး ခိုင်စုစုထွန်း(Final Yr.(IT), james Cook University, Singapore) ရဲ့ (၂၀-၁၀-၂၀၀၆)နေ့တွင် ကျရောက်သော မွေးနေ့မှသည် နှစ်(၁၂၀)တိုင် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနှင့်အတူ သမီးလေးရဲ့ လိုအင်ဆန္ဒတွေ ပြီးပြည့်စုံပါစေလို့ ဆုတောင်းပေးပါတယ်။

မေမေ – ဒေါ်ဝင်းဝင်းသိန်း

မောင်လေး – မင်းမင်းထွန်း

ဘွားဘွား၊ ကြီးကြီး၊ ဘဘ၊ အန်တီမာ၊ ဦးလှိုင်၊ ဦးစိုး၊ အန်တီကေသီ

စီးပွားရေးလုပ်ငန်းဆောင်ရွက်ကြသည့် ယာဉ်ပိုင်ရှင်များ လုပ်ငန်းလိုင်စင်ပြုလုပ်ရေးနှင့် ပတ်သက်၍ အသိပေးကြေညာချက်

(၁၈-၁၀-၂၀၀၆)

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတွင် မော်တော်ယာဉ်လုပ်ငန်းလိုင်စင် လာရောက်လုပ်ကိုင်ရာ၌ ယာဉ်ပိုင်ရှင်(သို့မဟုတ်) ယာဉ်ပိုင်ရှင်၏ အိမ်ထောင်စုဝင်ကိုယ်စားလှယ်ဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းမှာ ကြားပွဲစားများက ဌာနကို ခုတုံးလုပ်၍ ငွေကြေးများမတန်တဆတောင်းခံနေခြင်း၊ ၎င်းတို့၏အကျိုးအတွက် သတင်းအမျိုးမျိုးကို ထုတ်လွှင့်ပြီး မသမာမှုပြုလုပ်နေခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

၂။ ယခုအခါ ယာဉ်ပိုင်ရှင်အချို့အနေဖြင့် ကိုယ်တိုင်(သို့မဟုတ်) အိမ်ထောင်စုဝင် တစ်ဦးဦး လာရောက်ရန် အခက်အခဲရှိကြောင်းသိရပါသဖြင့် အထက်ပါကဲ့သို့ မလာရောက်နိုင်သော ကိစ္စမျိုးတွင် ပွဲစားမဟုတ်သည့် ကိုယ်စားလှယ်တစ်ဦးဦးအား စေလွှတ်နိုင်ပါကြောင်းနှင့် ရုံးအနေဖြင့် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ဇေယျဝတီလမ်း(ဗဟိုလမ်း)၊ အမှတ်(၄၁)နေ
ဦးအောင်စိုး-ဒေါ်ချစ်ချစ် (အလွန်ခန့်ရတနာအနုပညာလုပ်ငန်း)
တို့၏ သားကြီး

မောင်အောင်ဟိန်းမင်း

B.C Tech (Hons)

Lucky Bird Company Limited.

နှင့်

ရန်ကုန်မြို့၊(၁၀)မိုင်၊လေဆိပ်ရိပ်သာလမ်း၊လမ်းသွယ်(၂)၊အမှတ်(၆၁၆-F)နေ
ဦးညိုမောင်(ပါမောက္ခ-ငြိမ်း၊ ရက္ခဗေဒဌာန၊ မအူပင်တက္ကသိုလ်)-
ဒေါ်ခင်သန်းဦး(စက်မှုအထည်-ငြိမ်း)
တို့၏ သမီးကြီး

မယဉ်မြတ်မွန်

B.Econ (Eco), M.Econ. (Eco) Part II

တို့၏ ၁၄-၁၀-၂၀၀၆ ရက်(စနေနေ့) IBCတွင် ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံးဆင်မြန်းပေးသော ဒေါက်တာဦးဝင်း(ပါမောက္ခချုပ်၊ အရှေ့ပိုင်းတက္ကသိုလ်)နှင့် ဇနီး ဒေါ်မြင့်မြင့်စိန်တို့အားလည်းကောင်း၊ လက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဦးထင်အောင်ခိုင်(Managing Director)နှင့် ဇနီး ဒေါ်မေဖြူသွယ်(Director) Lucky Bird Company Limited တို့အား လည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးကြသော မိတ်ဆွေများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် မိတ်ဆွေများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ဟိန်းမင်း-မယဉ်မြတ်မွန်

အောင်မြင့်စာပေ

PhotoImpact 11

AUNG MYINT (M.E., AUSTRALIA)

The Live News ဂျာနယ် အမှတ်(၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၉

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ် ထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၇)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

(ယာပုံ)

တဏှာဒိဋ္ဌိ သတ်ပြီးမှ လှူရသည့်ပွဲ၊ မြင်းမူမောင်နိုင်မိုး၏ ကိုရီးယားရောက် မြန်မာကဗျာနှစ်ပုဒ်၊ စိုးမြင့်ငြိမ်း၏ အယ်လ်ပီဂျီအေတိုး လေးပွဲ ဗိုလ်စွဲနိုင်ခဲ့သော လိုရင်နာအိုချော၊ မိုးကြိုး(ဝါးနွယ်ကုန်း)၏ ဝါးအိမ်တစ်လုံးလောက် ဆောက်ကြည့်မည်ဆိုလျှင်၊ ရာစုသစ်၏ ကြော်ငြာ ရေစီးကြောင်းများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ မန္တလေးမှာရှာတဲ့ သီတင်းကျွတ်မိုး၊ တက္ကသိုလ် ဝင်တန်း အောင်ရုံဖြင့် နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာယူနိုင်ပြီ၊ မြေလွှာကိုဖွင့် ပြည့်ဂုဏ်မြှင့်ရန် ရွှေဖက်စပ်တူးချင်သလား၊ ပေ ၈၀ အမြင့်မှ ပြုတ်ကျသော်လည်း သေကံမရောက် အသက်မပျောက်သူကလေး၊ စပိုင်ချစ်သူ အပိုင်း(၁၅/၁၆) အစရှိသည့် ဆောင်းပါးများ၊ ပြည်တွင်းပြည်ပ သတင်းများ၊ လူမှုရေး၊ ကျန်းမာရေးနှင့် သိမှတ်စရာအစုံစုံတို့ကို ရှုခင်းဓာတ်ပုံအစုံစုံဖြင့် တင်ဆက်ထားသည်။

The Live Newsဂျာနယ်နှင့် ဆက်သွယ်လိုသူများ၊ အမြို့မြို့ အနယ်နယ်မှ သတင်းဆောင်းပါး ပေးပို့လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း၊ မြေညီထပ် အခန်းအမှတ်(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဘီးလင်းကျောင်းတိုက် မဟာဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်း၌ (၅၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ဝေဠုဝန်) ဝေဠုဝန် နိကာယဂိုဏ်းကြီး၏ ဒုတိယအကျိုးတော်ဆောင်ချုပ် ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တပညောဘာသအား အမှူးထား၍ သံဃာတော်များအား ကထိန်သင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ တပည့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(၀၄)

၁၃၆၈ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း ကော်မတီဝင် ဦးကျော်ညွန့်ရည် (ကျော်ညွန့်ရည်)နှင့် ဇနီး ဒေါ်ဝါဝါကျော်တို့က ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)နှင့် တာဝန်ရှိသူတို့က လက်ခံယူစဉ်။ (က-ပ)

သစ်တောရတနာ၊ ပြည်ဘဏ္ဍာ
အစဉ်ထာဝရ ထိန်းသိမ်းကြ

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၆
အောက်တိုဘာလ(၂၂)ရက်မှ(၂၅)ရက်
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့

Sony DSLR & 100 Camera ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

Sony Electronics Asia Regional Marketing နှင့် TMW Enterprise Co. Ltd. တို့ ပူးပေါင်းစီစဉ်ပြသသော Sony DSLR& 100 Camera ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပသည်။

ရှေးဦးစွာTMW Enterprise Co., Ltd. မှ Managing Directorဦးဝေလွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)** ထို့နောက် Sony Electronics Singapore, Asia Regional Marketing Manager M. Pieter Fong က Sony DSLR & 100 Camera အကြောင်းကို လည်းကောင်း၊ Master Trainer M. Cascy Toe က Sony DSLR & 100 Camera၌ ပါဝင်သည့် Functionများ အကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဓာတ်ပုံပညာရှင် ဦးဖေမြင့်ဦးက Sony DSLR & 100 Cameraနှင့် ပတ်သက်၍ ဓာတ်ပုံပညာရှင် ရှုထောင့်မှနေ၍ သုံးသပ်ပြောကြားပြီးတက်ရောက်လေ့လာကြသူများက ခင်းကျင်းပြသထားသော Sony DSLR & 100 Cameraများကို ကြည့်ရှုလေ့လာကြသည်။

Sony DSLR & 100 Cameraကို ဝယ်ယူသုံးစွဲလိုလျှင် အမှတ်(၁၇၃၊ ၁၇၅) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်ရှိ Sony Show Roomဖုန်း-၀၁-၂၅၀၅၉၆၊ ၀၁-၂၅၀၅၉၇တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျွန်တော်မကြော်ငြာပါ

ခါးနာ၊ဒူးနာ၊ကျိုးပေါင်းတက်နှင့် အကြောရောဂါမှန်သမျှကို အကြောပြင်၍ မနာကျင်စေဘဲ နှိပ်ပေးပါသည်။

ဦးအေးထွန်း
အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း (၁၆)ရပ်ကွက်၊ လှိုင် (ပါရမီလမ်းမကြီးမှဝင်ပါ)

ဦးတိုးကျော်
U.F.L.

21.10.06

Ph-391266,512673

ဖခင်အမည်မှန်

အထက(၂) ဗိုလ်တထောင် ဒသမတန်း(ဂ)တွင် ပညာသင်ကြားနေသော မအေးသီတာဦး၏ ဖခင်အမည်မှန်မှာ ဦးအိုက်ဦးရှုန်ဖြစ်ပါကြောင်း။

ဦးအိုက်ဦးရှုန်
[၁၃/တခလ(နိုင်)၀၁၄၂၁၂]

ကျေးဇူးဆပ်ပါမည်

အ/၇၂၃၀ ၏ အခွန်ကြေပုံစံ(၁) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဦးစိုးဦး**

Ph-၇၀၈၉၃၀

ထိုက်တန်စွာကျေးဇူးဆပ်ပါမည်

၁၇-၁၀-၂၀၀၆ ရက် ည ၈နာရီခန့် စမ်းချောင်း၊ ရွှေခိုင်အသားကင်ဆိုင်ရှေ့မှ အလုံသို့ ငှားစီးလာသော TAXI အဖြူပေါ်တွင် GSM (အလွတ်) Handset, Sony Ericssion w 55oi၊ အနီရောင်တစ်လုံး မေ့ကျန်ခဲ့ပါသဖြင့် တွေ့ရှိသူအား တန်ဖိုးနီးပါးအတိုင်း ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန်**

Ph-၀၉၅၁၆၇၄၆၃

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်) မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် အောက်တိုဘာ ၁၉

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ ပထမအကြိမ် နှစ်လည်မဂ္ဂဇင်းကို မကြာမီ ထုတ်ဝေမည်ဖြစ်ရာ စာမူများကို အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ အသင်းတည်ရှိရာ အမှတ်(၁၃၅) မြေညီထပ် သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဖုန်း-၇၀၅၈၁၅သို့ ဆက်သွယ်ပေးပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အစည်းအဝေးများ ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးခန်းမများ၌ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေ၊ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၄၅ ဦးရှိသည့်အနက် ကိုယ်စားလှယ် ၆၃၉ ဦး တက်ရောက်ကြပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းမှ ဦးမြတ်ကိုနှင့် ရှမ်းပြည်နယ်မှ ဒေါ်နန်းသန်းသန်းစိုးတို့က အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

စန္ဒရားအတီးပြိုင်ပွဲ

အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မဖူးငုံကျော် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတစ်နိုင်ငံ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှု ဂုဏ်ရည်တို့ကို နိုင်ငံသူ၊ နိုင်ငံသားတိုင်း အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ မိမိလူမျိုး၊ မိမိအမျိုးအနွယ် ရှင်သန်တည်မြဲရေးအတွက် မျိုးရိုးအစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်ကြရန် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်သွားစေရန်၊ ထာဝရကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း အမျိုးသားရေးစွမ်းအားများ အစဉ်သက်ဝင်နိုးကြားစေရန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဂီတအဆိုပြိုင်ပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ လည်းကောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ အိုးစည်ပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသန စုဝေးခန်းမ၌ လည်းကောင်း၊ အတီးပြိုင်ပွဲ၏ စန္ဒရားပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌လည်းကောင်း၊ အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲနှင့် တယောပြိုင်ပွဲတို့ကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ကျင်းပကြသည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❀

အဆင့်မြင့် ပညာအဆင့် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ စောအဲခလိန်း(ခ) စောကျော်စိုးဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အရည်အသွေးကောင်း ကျောက်စိမ်း ကျောက်မျက်နှင့် ပုလဲအတွဲများ ရောင်းချမည်

ရန်ကုန် အောက်တိုဘာ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို **ယနေ့နံနက် ၉ နာရီမှစတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမနှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ကျင်းပရာ မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေး ကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးသစ္စာလှထွေးနှင့် အသင်းဝင် နိုင်ငံခြား သတင်းထောက်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပြည်တွင်းစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူးက ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ အရေအတွက်နှင့် အရည်အသွေးကောင်းမွန်သော ကျောက်မျက်ရတနာအတွဲများကို တစ်မူထူးခြားစွာ ပြသရောင်းချသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် ခင်းကျင်း ပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

၂၀-၁၀-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ဝေဿန္တရာဇာတ်တော်ကြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၁၉

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်လျက်ရှိပြီး အောက်တိုဘာ ၂၀ ရက်တွင် မကွေးတိုင်းမှ ဦးကျော်စိုးမင်းဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)